ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် )**

**[ ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၆.၈၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကျန်းမာရေး။ ဦးမြအုန်း၊ ကချင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ပါတီကိစ္စ။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ဖိုရမ်တက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကျန်းမာရေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ကျန်းမာရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးရဲမင်းထွေး၊  တပ်မတော်၊ ၎င်းအတိုင်း။ ဦးကျော်ထွန်းအောင်၊ ရခိုင် (၅)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေး။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ အလုပ်ရုံဆွေးနွေးပွဲတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## အဆင့်မြင့် စက်သုံးဆီထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်၍ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းထွန်းမြင့် က အဆင့်မြင့် စက်သုံးဆီထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်၍ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်း ပေးသွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဗိုလ်မှူးသန်းထွန်းမြင့်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၄၀၁ ဗိုလ်မှူးသန်းထွန်းမြင့် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်အရ မေးမြန်းလိုတဲ့ မေးခွန်းကတော့ အဆင့်မြင့်စက်သုံးဆီ ထုတ်လုပ်တဲ့စက်ရုံများ တည်ဆောက်ပြီးတော့ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

၂၀၁၀ ခုနှစ်၊ ဇွန်လကနေစတင်ပြီးတော့ စက်သုံးဆီတင်သွင်းခြင်းနဲ့ ဖြန့်ဖြူးခြင်းလုပ်ငန်းတွေကို နိုင်ငံပိုင်ကဏ္ဍကနေပြီးတော့ ပုဂ္ဂလိက ကဏ္ဍသို့ ကူးပြောင်းဆောင်ရွက်ခဲ့ရာမှာ နိုင်ငံပိုင် ကဏ္ဍအတွက် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူတင်သွင်းဖြန့်ဖြူးပေးခဲ့ပြီးတော့ ပုဂ္ဂလိက ကဏ္ဍအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်တွေက တာဝန်ယူဆောင်ရွက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲ့ စက်သုံးဆီ တင်သွင်းမှုကို လေ့လာ ကြည့်မယ်ဆိုလို့ရှိရင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိက ကဏ္ဍ(၂)ခုပေါင်း ဓာတ်ဆီ တန်ချိန် (၂၁၆၀၀၀)ကျော် တင်သွင်းခဲ့ပြီးတော့ ဒီဇယ်ဆီက တန်ချိန် (၁၀၁၆၀၀၀)ကျော် တင်သွင်းခဲ့ရ ပါတယ်ခင်ဗျား။ ဒီဇယ်နဲ့ ဓာတ်ဆီတန်ချိန် (၂)မျိုးပေါင်းဆိုလို့ရှိရင် (၁.၂)သန်းကျော် တင်သွင်းခဲ့ရ ပြီးတော့ အမေရိကန်ဒေါ်လာ (၁.၅)ဘီလီယံ ဘိုးခန့် ရှိပါတယ်ခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိက ကဏ္ဍ(၂)ခုပေါင်း ဓာတ်ဆီ(၃၁၇၀၀၀)ကျော် တင်သွင်းခဲ့ရပြီးတော့ ဒီဇယ်ကတော့ တန်ချိန်(၁၀၈၈၀၀၀)ကျော် တင်သွင်းခဲ့ရပါတယ်ခင်ဗျား။ ဒီဇယ်နဲ့ ဓာတ်ဆီ (၂)မျိုး ပေါင်း တန်ချိန်(၁.၄) သန်းကျော် တင်သွင်းခဲ့ရပြီးတော့ အမေရိကန် ဒေါ်လာ(၁.၇)ဘီလီယံဘိုးခန့် တင်သွင်းခဲ့ရကြောင်း သိရှိရပါတယ်ခင်ဗျား။

မြန်မာနိုင်ငံရဲ့ မော်တော်ယာဉ်စီးရေကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် ၂၀၁၀ ခုနှစ်မှာ ဆိုလို့ရှိရင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ မှတ်ပုံတင်ထားတဲ့ စက်တပ်ယာဉ် အရေအတွက်ဟာ (၃.၁)သန်းကျော်ရှိပြီးတော့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့အထိ မှတ်ပုံတင်ထားတဲ့ စက်တပ်ယာဉ် အရေအတွက်ကတော့ (၄.၆)သန်းကျော် ရှိပြီဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျား။ ယခုအခါ မော်တော်ယာဉ်စီးရေဟာ (၂)သန်းကျော် တိုးတက်လာကြောင်း သိရှိရပါတယ်ခင်ဗျား။ မော်တော်ယာဉ် အရေအတွက်ဟာ တစ်နေ့တစ်ခြား တိုးပွားလာနေတဲ့ အတွက်ကြောင့်မို့လို့ စက်သုံးဆီလိုအပ်ချက်ဟာလည်း ပိုမိုမြင့်မားလာမှာ ဖြစ်ပါတယ်ခင်ဗျား။ လက်ရှိနှုန်းထားအတိုင်း ဆက်လက်တင်သွင်းနေမယ်ဆိုလို့ရှိရင် မကြာခင်မှာ စက်သုံးဆီကို တစ်နှစ်တစ်နှစ်ကို အမေရိကန်ဒေါ်လာ (၂)ဘီလီယံကျော်ဘိုးလောက် တင်သွင်း ရမယ်လို့ ခန့်မှန်းနိုင်ပါတယ်ခင်ဗျား။

ယခုအခါ ပုဂ္ဂလိက ကုမ္ပဏီအသီးသီးဟာ နိုင်ငံအသီးသီးကနေပြီးတော့ စက်သုံးဆီတွေကို တင်သွင်းရောင်းချနေတဲ့နေရာမှာ ထုတ်လုပ်တဲ့နိုင်ငံနဲ့ ကုမ္ပဏီတွေအပေါ် မူတည်ပြီးတော့ စက်သုံးဆီ အရည်အသွေးမပြည့်ဝမှုတွေ ရှိနေပါတယ်ခင်ဗျား။ ဒီ အရည်အသွေးမမီတဲ့ စက်သုံးဆီတွေကြောင့်

မော်တော်ကားပိုင်ရှင်တွေဟာ မကြာခဏ အခက်အခဲတွေဖြစ်ရပါတယ်။ ဥပမာ ဓာတ်ဆီကားတွေဆိုလို့ရှိရင် အရည်အသွေးမပြည့်တဲ့ ဓာတ်ဆီထည့်မိလို့ရှိရင် ကျွန်တော်တို့ ပလပ်တွေ မကြာခဏ လဲရပါတယ်ခင်ဗျား။ လဲတဲ့ ပလပ်အမျိုးအစားအပေါ်မူတည်ပြီးတော့ အနည်းဆုံး သောင်းဂဏန်းကနေ သိန်းဂဏန်းအထိကုန်ကျပါတယ်ခင်ဗျား။ အလားတူပဲ ဒီဇယ်ကားတွေဆိုလို့ရှိရင်လည်း အရည်အသွေးမမီတဲ့ ဒီဇယ်ဆီထည့်မိလို့ရှိရင် ပန့်တွေကျလာပြီးတော့ ကားမဆွဲတော့ပါဘူးခင်ဗျား။ တကယ်လို့ ပန့်အလုံးလိုက်လဲရမယ်ဆိုလို့ရှိရင် ပန့် အမျိုးအစားအပေါ်မူတည်ပြီးတော့ အနည်းဆုံး (၄)၊ (၅)သိန်းကနေ (၁၀)သိန်းကျော်အထိ အစားစားရှိပါတယ်ခင်ဗျား။

ဒါကြောင့် အရည်အသွေးမမီတဲ့ စက်သုံးဆီတွေကို သုံးမိမယ်ဆိုလို့ရှိရင် ပြည်သူလူထုအတွက် သယ်ယူပို့ဆောင်ရေးအတွက် မလိုလားအပ်တဲ့ ကုန်ကျစရိတ်တွေ ပိုလာနိုင်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။

နောက်တစ်ချက်က မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုအခြေအနေကို တင်ပြလိုပါတယ်ခင်ဗျား။ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှု အခြေအနေဟာ လက်ရှိဘဏ္ဍာရေးနှစ် ဧပြီလ (၁)ရက်နေ့ကနေပြီးတော့ စက်တင်ဘာလ (၂၆)ရက်နေ့အထိ ဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှု ပမာဏ စုစုပေါင်းဟာ အမေရိကန်ဒေါ်လာ (၁၃)ဘီလီယံရှိကြောင်း သိရှိရပါတယ်ခင်ဗျား။ ပြည်ပပို့ကုန်ကတော့ (၅.၃) ဘီလီယံဘိုး ရှိပြီးတော့ ပြည်ပကနေ သွင်းကုန်ကတော့ အမေရိကန်ဒေါ်လာ (၈)ဘီလီယံ ဘိုးခန့်တင်သွင်းထားကြောင်း သိရှိရပါတယ်။ ဒါကြောင့် ကုန်သွယ်မှုလိုငွေဟာ အမေရိကန်ဒေါ်လာ (၂.၇) ဘီလီယံ ခန့်ရှိကြောင်း သိရှိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးတစ်နှစ်လုံးမှာ ဒီ ကုန်သွယ်မှုလိုငွေပမာဏဟာ အမေရိကန်ဒေါ်လာ (၂.၆၅)ဘီလီယံပဲ ရှိကြောင်း သိရှိရပါတယ်ခင်ဗျား။ ယခုလက်ရှိနှုန်းထားအတိုင်းဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံရဲ့ ဘဏ္ဍာရေးလိုငွေပြမှုဟာဆိုလို့ရှိရင် မနှစ်ကထက် ကျော်လွန်မယ်လို့ ခန့်မှန်းနိုင်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ စွမ်းအင်ဝန်ကြီးဌာန အနေနဲ့ နိုင်ငံတကာကနေပြီးတော့ ငွေကြေးနဲ့ နည်းပညာအကူအညီကိုရယူပြီးတော့ အဆင့်မြင့်စက်သုံးဆီ ထုတ်လုပ်တဲ့ စက်ရုံများ တည်ဆောက်နိုင်မယ်ဆိုလို့ရှိရင် စက်သုံးဆီ အရည်အသွေးကိုလည်း ထိန်းသိမ်းပေးနိုင်ပြီးတော့ တစ်ဖက်ကလည်း အမေရိကန်ဒေါ်လာ (၂)ဘီလီယံကျော် လောက်ရှိတဲ့ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

မြန်မာနိုင်ငံရဲ့ ရေနံစိမ်းထွက်ရှိမှုဟာ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စွမ်းမရှိတဲ့ အတွက်ကြောင့်မို့လို့ ပြည်ပကနေပြီး ကျွန်တော်တို့ ရေနံစိမ်းကို တင်သွင်းပြီးတော့ အဆင့်မြင့်စက်သုံးဆီအဖြစ် ထုတ်လုပ်ပေးနိုင်မယ်ဆိုလို့ရှိရင် ကုန်သွယ်ရေးလိုငွေပြမှုကိုလည်း အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ပြီးတော့ ပြည်တွင်းမှာရှိတဲ့ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အောက်ပါ မေးခွန်းများကို မေးမြန်းလိုပါတယ်။

အရည်အသွေးမြင့် စက်သုံးဆီထုတ်လုပ်တဲ့စက်ရုံများကို တည်ဆောက်ပြီးတော့ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ပကနေပြီးတော့ နည်းပညာနဲ့ အကူအညီရယူပြီးတော့ တည်ဆောက် ဆောင်ရွက်သွားရန် အစီအစဥ် ရှိ/မရှိနဲ့ အစီအစဥ်ရှိပါက မည်သည့်

အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီး မေတ္တာပို့သ အပ်ပါတယ်။ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသန်းထွန်းမြင့် ကနေပြီးတော့ အဆင့်မြင့်စက်သုံးဆီ ထုတ်လုပ်တဲ့ စက်ရုံများတည်ဆောက်၍ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းပြီး မေးထားတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအောင်ထူး ကနေပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကနေ ကြီးကြပ်မှု အောက်မှာရှိတဲ့ ရေနံချက်စက်ရုံအနေနဲ့ အမှတ်(၁)ရေနံချက်စက် တညင်၊ အမှတ်(၂) ရေနံချက်စက်ရုံ ချောက်နဲ့ သံပုရာကန် ရေနံချက် ရေနံဓာတုဗေဒစက်ရုံစု ဆိုပြီးတော့ ရေနံချက်စက်ရုံ(၃)ခု ရှိပါတယ်။ အဲဒီစက်ရုံတွေကနေ လောလော ဆယ်ဆယ်က ပြည်တွင်းမှာ ထုတ်လုပ်တဲ့ ရေနံစိမ်းနဲ့ ကျွန်တော်တို့ မြန်မာ့ကမ်းလွန်က ထွက်ရှိတဲ့ ရဲတံခွန် ကမ်းလွန် သဘာဝဓာတ်ငွေ့မြေမှထွက်တဲ့ လေဆီ ခေါ်တဲ့ Condensate တို့ကို အသုံးပြုပြီးတော့ ကျွန်တော်တို့ Ron (67)ကနေ (70) အဆင့်ရှိတဲ့ ဓာတ်ဆီ၊ လေယာဉ်ဆီနဲ့ ဒီဇယ်ဆီတွေကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ လောလောဆယ်ဆယ် အချိန်မှာ တညင်မှာရှိတဲ့ အမှတ်(၁) ရေနံချက်စက်ရုံကို ပြည်ပ ကုမ္ပဏီများနဲ့ ပူးပေါင်းပြီးတော့ အကျိုးတူလုပ်ငန်းဆောင်ရွက်ဖို့ Joint Ventureလုပ်ငန်းကို ဆောင်ရွက်ဖို့ အစီအစဉ်တွေ အကောင်အထည်ဖော်လျက်ရှိပါတယ်။ တကယ်လို့ Joint Venture ရွေးချယ်ပြီးလို့ရှိရင် ဒီ တညင်စက်ရုံကို ကျွန်တော်တို့ အဆင့်မြှင့် မွမ်းမံ ပြင်ဆင်မှုများ ဆောင်ရွက်သွားပြီးတော့ အဆင့်မြှင့် ဓာတ်ဆီနဲ့ဒီဇယ်ဆီကို ထုတ်လုပ်သွားဖို့ အစီအစဉ် ရှိပါတယ်။

ဒီကနေတစ်ဆင့် ကျွန်တော်တို့က ဆက်လက်ပြီးတော့ ဒီ Joint Venture အောင်မြင်မယ် ဆိုလို့ရှိရင် နိုင်ငံတကာအဆင့်မီ ရေနံချက်စက်ရုံ အသစ်ကိုလည်းပဲ တညင်ရေနံချက်စက်ရုံရဲ့ အဝန်းအဝိုင်း အနီးမှာပဲ နိုင်ငံခြားကုမ္ပဏီနဲ့ ပူးပေါင်းပြီးတော့ အဆင့်မြှင့် စက်သုံးဆီဖြစ်တဲ့ Ron 92 ကို ထုတ်လုပ် ဖြန့်ဖြူးပေးရန်လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံရဲ့ အထက်ပိုင်းနဲ့ အလယ် ပိုင်းဒေသများမှာ လိုအပ်တဲ့ အဆင့်မြှင့်စက်သုံးဆီ Ron 92 ထုတ်လုပ်နိုင်တဲ့ ရေနံချက်စက်ရုံ အသစ်တစ်ရုံကိုလည်း ကျွန်တော်တို့ တည်ဆောက်နိုင်ဖို့အတွက် ဒီ ပဏာမဆန်းစစ်ခြင်းဆိုတဲ့ Feasibility

Studyနဲ့ ဒီ ပတ်ဝန်းကျင်နဲ့ လူမှုစီးပွားထိခိုက်မှု ဆန်းစစ်ခြင်းဆိုတဲ့ EIA, SIA လုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၌ မြန်မာ့ စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ငွေတိုက်ခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး မောင်မောင်ကြီး က ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၌ မြန်မာ့ စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ငွေတိုက်ခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၂၁၃၀ ဗိုလ်မှူးမောင်မောင်ကြီး ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ ဖရူဆိုမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ငွေတိုက်ခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်၏ မေးခွန်းအား Power Point ဖြင့် မေးမြန်းတင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီး အား ခွင့်တောင်းခံအပ်ပါတယ်။

ကယားပြည်နယ်၊ ဖရူဆိုမြို့ဟာ လွိုင်ကော်မြို့နဲ့ (၂၁)မိုင်ခန့် ကွာဝေးပါတယ်။ ဖရူဆိုမြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ထားခြင်း မရှိတဲ့အတွက် ဖရူဆိုမြို့နယ်မှာရှိတဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းများနဲ့ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များရဲ့ လစာနဲ့ စရိတ်များကို လွိုင်ကော်မြို့သို့ သွားရောက်ပြီး ထုတ်ယူနေကြရပါတယ်။ ဖရူဆိုမြို့နယ်၌ ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် တပ်ရင်း၊ တပ်ဖွဲ့ (၃)ခု အပါအဝင် စုစုပေါင်း (၂၉)ဌာနမှ လစဉ်ထုတ်ယူငွေပေါင်းဟာ ကျပ်သန်း(၁၃၉)သန်း ဖြစ်ပါတယ်။ လစဉ်ထုတ်ယူ ငွေများကို ဦးစီးဌာနတစ်ခုမှ တာဝန်ခံဝန်ထမ်းများ လွိုင်ကော်မြို့သို့ တက်၍ လစဉ်ထုတ်ယူနေရခြင်းကြောင့် ဌာနရဲ့ အသုံးစရိတ်များ၊ ခရီးစရိတ်များ ပိုမိုကုန်ကျလျက်ရှိနေပါတယ်။ ဖရူဆိုမြို့နယ်၌ ဌာန အဖွဲ့အစည်းနှင့် တပ်ရင်း၊ တပ်ဖွဲ့(၃)ခု အပါအဝင် စုစုပေါင်း (၂၉)ဌာနမှ လစဉ်ထုတ်ယူငွေပေါင်းမှာ ကျပ်သန်း (၁၃၉)သန်း ဖြစ်ပါတယ်။ ယခင်အချိန်က

လွိုင်ကော်မြို့နှင့် ဖရူဆိုမြို့အကြား လုံခြုံရေးအခက်အခဲကြောင့် လစဥ် လစာနှင့်စရိတ်များ မကြာခဏ ဆုံးရှုံးခဲ့ကြတာကိုလည်း ကြားသိနေကြရပါ တယ်။

လစာနဲ့စရိတ်များ မကြာခဏ ဆုံးရှုံးမှုဖြစ်စဥ်များ ရှိသော်လည်း ဌာနတာဝန်ခံများ အနေနဲ့ မိမိအစီအစဥ်အတိုင်း ပေးလျော်ဖြေရှင်းခဲ့ကြတာများကိုလည်း ယခင်အချိန်က ကြားသိနေကြရပါ တယ်။ တပ်ရင်း၊ တပ်ဖွဲ့များအနေနဲ့ လစဥ် လွိုင်ကော်မြို့သို့တက်၍ လစာနဲ့ စာရိတ်များ ထုတ်ယူရာ၌ လည်း ယာဥ်နှင့် လုံခြုံရေးစီစဥ်ပေးရခြင်းကြောင့် စက်သုံးဆီ ပိုမိုသုံးစွဲနေရခြင်း မလိုအပ်ဘဲ လုံခြုံရေး အစောင့်အရှောက်များ စီစဥ်ပေးနေရသည့် အခက်အခဲများ ကြုံတွေ့နေကြရပါတယ်။ လစဥ်ထုတ်ယူ ငွေများကို ဦးစီးဌာနတစ်ခုမှ တာဝန်ခံဝန်ထမ်းများ လွိုင်ကော်မြို့သို့တက်၍ လစဥ်ထုတ်ယူ နေရခြင်းကြောင့် ဌာန၏အသုံးစရိတ်များ ခရီးစရိတ်များ ပိုမိုကုန်ကျလျက်ရှိနေတာကို တွေ့ရရပါတယ်။

လွိုင်ကော်မြို့သို့တက်ရောက်၍ ငွေထုတ်ယူရသည့် ဖြစ်စဥ်တစ်ခုခု၌ ဆုံးရှုံးမှုရှိခဲ့လျှင် တာဝန်ရှိသူအနေဖြင့် များစွာ ထိခိုက်ဆုံးရှုံးနိုင်ပါတယ်။ ဖရူဆိုမြို့နယ်၌ ဘဏ်မရှိသဖြင့် ငွေလွှဲပြောင်း ပေးချေရာ၌ အခက်အခဲများစွာ တွေ့ရှိလျက်ရှိပါတယ်။ လွှဲပြောင်းလိုပါက လွိုင်ကော်မြို့သို့ တက်ရောက်၍ လွှဲပြောင်းရသဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှု နောက်ကျကျန်လျက် ရှိပါတယ်။ ယခုအခါ ဖရူဆိုမြို့ နယ်၌ နယ်မြေအေးချမ်းသာယာနေပြီ ဖြစ်ပါတယ်။ လုံခြုံရေးကလည်း စိတ်ချရတဲ့ အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ငွေကြေးသယ်ယူမှု အခက်အခဲများ လျော့နည်းစေရေးအတွက် လည်းကောင်း၊ ငွေလွှဲပြောင်းပေးချေမှု မြန်ဆန်သွက်လက်စေရေးအတွက်လည်းကောင်း၊ မြို့ပြဖွံ့ဖြိုးမှုအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ဘဏ်ရှိနေရန်အတွက် လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေ ကောင်းမွန်လာပြီ ဖြစ်သည့်အတွက် ဖရူဆိုမြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ငွေတိုက်ခွဲ တစ်ခုဖွင့်လှစ်ပေးနိုင်ပါရန်နှင့် မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးနိုင်မည်ကို သိရှိလိုပါ၍ အများ ပြည်သူအကျိုးငှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

ကယားပြည်နယ် ဖရူဆိုမြို့ မှတ်တမ်းဓာတ်ပုံ (စစ)




ကယားပြည်နယ် လွိုင်ကော်မြို့ မှတ်တမ်းဓာတ်ပုံ (စစ)



ကယားပြည်နယ် လွိုင်ကော်မြို့ မြန်မာ့စီးပွားရေးဘဏ် မှတ်တမ်းဓာတ်ပုံ (စစ)




**နိုင်ငံအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် နားနေဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး က နိုင်ငံအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် နားနေဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)** ။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကျန်းမာချမ်းသာ ကြပါစေလို့ ဦးစွာပထမ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ နိုင်ငံအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် နားနေဆောင်များ တည်ဆောက်ပေးခြင်း အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံအတွင်းမှာ မြို့နယ်အဆင့် မြန်မာ့စီးပွားရေးဘဏ်စနစ်မှာ လွန်စွာ နိမ့်ကျလျက်ရှိပါတယ်။ ဝန်ထမ်းများအနေဖြင့် စာရွက်စာတမ်းများနှင့်သာ ရှုပ်ပွပွေလီပြီး ငွေထုတ်ငွေသွင်းအပြင် တခြားဘဏ်လုပ်ငန်းများကိုလည်း နှောင့်နှေးကြန့်ကြာလျက် ရှိပါတယ်။ အချိန်တွေကလည်း မကုန်သင့်ဘဲ ကုန်၊ ပြည်သူများကလည်း ပင်ပန်းဆင်းရဲစွာနဲ့ပဲ စောင့်ဆိုင်း ဆောင်ရွက်နေရတဲ့စနစ် ဖြစ်နေပါတယ်။ ကျွန်တော်တို့ ပြည်သူများရဲ့ အဓိကအားကိုးရာဘဏ်မှာ မြန်မာ့စီးပွားရေး ဘဏ်သာ

ဖြစ်ပါတယ်။ ယနေ့အချိန်မှာ မြန်မာ့စီးပွားရေးဘဏ်စနစ်မှာ လုံး၀ နိမ့်ကျလျက်ရှိနေသည်ကို ပြည်သူများ မြင်နေစိတ်ပျက်နေသည်ကို သိရှိကြပြီးဖြစ်မှာပါ ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်စင် ထုတ်ပေးတဲ့နေ့ လစာထုတ်ပေးတဲ့နေ့ဆိုရင် ကျွန်တော်တို့ ဖြူးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှာ ပြည်သူများနေစရာ ထိုင်စရာမရှိ အသက်ကြီးသူများ ပင်စင်စားများက မိုးရွာထဲ နေပူထဲမှာ စောင့်ဆိုင်းကာ မကြာခဏ မူလဲခြင်း၊ ဆေးရုံပို့ရခြင်းများလည်း အကြိမ်ပေါင်း မနည်းတော့ပါဘူး။

ယခုခါမှာတော့ မြန်မာ့စီးပွားရေးဘဏ် ဖြူးမြို့မှာဆိုလို့ရှိရင် ၂၃-၁၀-၂၀၁၄ နေ့ကပဲ ပြီးစီးပြီ ဖြစ်ကြောင်း အကြောင်းကြားခဲ့ပါတယ်။ ဒါ မြန်မာ့စီးပွားရေးဘဏ် ဖြူးမြို့ ဖြစ်ပါတယ်။ အဲဒီရဲ့ ဟိုဘက်မှာ ဆောက်ပေးထားတာကတော့ (၂၃)ရက်နေ့က အကြောင်းကြားထားတဲ့ နားနေဆောင်လေး ဖြစ်ပါတယ်။ ဒါ နားနေဆောင်လေးပါ။ ဒီဘက်ခြမ်းနဲ့ ဟိုဘက်ခြမ်းကို ကွာဟမှုလေး သိရှိအောင် ကျွန်တော့်အနေနဲ့ ရိုက်ကူးတင်ပြခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနားနေဆောင်လေးဟာ ဆိုလို့ရှိရင် ဘယ်ညာတစ်ဖက်စီမှာ (၁၀ ပေ x ၁၀ ပေ) တစ်ခန်းစီ ထပ်ချဲ့လို့ရပါတယ်။ အခု စာရင်း ဇယားကတော့ အားလုံး ခွင့်ပြုငွေက (၂၅)သိန်း၊ ကုန်ကျငွေက (၂၆)သိန်း ကျော်ကျော်လေး ဖြစ်ပါတယ်။ (၁)သိန်းလောက် ကွာဟနေတယ်။ ဒီနေရာမှာ ဒီစာရင်းပေါ်မှာ မူတည်ပြီးတော့ ကြည့်မယ်ဆိုရင်လည်း အုပ်စု (၁)သစ်မာက ခြောက်သိန်းခွဲလို့ တင်ပြထားပါတယ်။ အုပ်စု (၁) သစ်မာမှာဆိုတာ ပျဉ်းကတိုးဖြစ်ပါတယ်။ ကျွန်တော်တို့အရပ်ခေါ်ပေါ့၊ အဲဒီနေရာမှာ ကျွန်တော်တို့ ဒေသမှာဆိုလို့ရှိရင် တချို့ သစ်ကုန်သည်တွေက သစ်နီမနဲ့ ရောပြီးတော့ ပျဉ်းကတိုးအရောင်ပါပဲ ဆောက်ထားတာလည်း တွေ့ရပါတယ်။

နောက်တစ်ခုက တောသစ်သား အုပ်စု (၃)ဆိုတာက ကျွန်တော်တို့ အရပ် အခေါ်အဝေါ် မှာတော့ ကုက္ကိုသားတို့၊ သရက်သားတို့ အများကြီးပါ ပါတယ်။ ကျွန်တော်တို့ ဖြူးမြို့ဟာဆိုလို့ရှိရင် ခြအလွန် တက်တဲ့ မြို့ပါ။ မြေပေါ်ကနေ ခြစားတာ အခုလို တောသစ်သားနဲ့ ဆောက်မယ်ဆိုလို့ရှိရင် (၆)လတောင် မခံပါဘူး။ ကျွန်တော်တို့ ခြစားပြီးတော့ ပျက်စီးသွားမယ့် အနေအထား ရှိပါတယ်။ ဒါ ကျွန်တော့်အနေနဲ့ တင်ပြခြင်း ဖြစ်ပါတယ်။ ဒီစာရင်းဇယားပေါ်မှာပဲ နောက်တစ်ခုက ဘိလပ်မြေက ဒီမှာ (၆၅၀၀)လို့ တင်ပြထားပါတယ်။ (၆၅၀၀)အမျိုးအစား မတင်ပြထားဘူး။ ကြံ့ ဖြစ်မယ်၊ ဆင် ဖြစ်မယ်။ မြင်းခေါင်းဖြစ်မယ်။ အမြင့်ဆုံး ဈေးနှုန်း တင်ပြထားခြင်း ဖြစ်တယ်ဆိုတာကိုလည်း သိရှိရပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဘဏ်စနစ် လေးကို နည်းနည်းလေးကျွန်တော့်ကို ပြောခွင့်ပြုပါခင်ဗျား။ အဲဒါဘာလေးဆိုလို့ရှိရင် ပုဂ္ဂလိက စီးပွားရေး ဘဏ်တွေမှာ ဆိုလို့ရှိရင် ဘာလဲဆိုလို့ရှိရင် ဖြူးမြို့မှာဆိုလို့ရှိရင် ပုဂ္ဂလိကစီးပွားရေးဘဏ် အားလုံး (၅)ခု၊ မြန်မာ့စီးပွားရေးဘဏ်(၁)ခု၊ (၆)ခု အားလုံး အပြိုင်အဆိုင် ဖွင့်နေကြပါတယ်။ ပုဂ္ဂလိက စီးပွားရေးဘဏ်ကို ငွေ လွှဲလိုက်တာနဲ့ နာရီဝက်အတွင်းမှာ ရန်ကုန်ကဖြစ်စေ၊ မန္တလေးက ဖြစ်စေ နာရီဝက်အတွင်းမှာပဲ ကျွန်တော်တို့ဆီကို ဖုန်းနဲ့ အကြောင်းကြားတယ်။ ကျွန်တော်တို့ သွားထုတ်တယ်။ မှတ်ပုံတင် ပြတယ်၊ မှတ်ပုံတင်ပြပြီးတော့ လက်မှတ် တစ်ခါ ထိုးတယ်။ ငွေတန်းထုတ်ရုံပါပဲ အဲဒီတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ လွှတ်တော် နားနေချိန်မှာ မြန်မာ့စီးပွားရေးဘဏ်ကို လွှဲလိုက်တဲ့ အချိန်မှာ လကုန်ပြီး (၅) ရက်လောက် (၆) ရက်လောက်နေမှ မြန်မာ့စီးပွားရေးဘဏ်က အကြောင်း

မကြားသေးဘူး။ သတိရလို့ သွားမေးကြည့်တော့မှ စာရွက်တွေလှန် သူတို့လည်း ချွေးတွေပြန်ပါတယ်၊ စာရွက်လှန် Fax ပို့တဲ့အတွက် စာရွက်လှန်ပြီးတော့ ရှာ၊ ရှာပြီးတော့ မှတ်ပုံတင်ပြ မှတ်ပုံတင်ပေးပါ၊ မှတ်ပုံတင်ပြပြီးတော့ ရောက်ပါပြီဆိုတာ အကြောင်းကြားတယ်။ ခဏနေတော့ အဲဒီမှာပဲ ထိုင်နေရပါတယ်။ ဒီစားပွဲခုံကနေ ဟိုဘက်စားပွဲကို မန်နေဂျာအခန်း ထဲကိုသွားရတယ်။ လက်မှတ် (၃)ချက်ထိုးရတယ်။ (၃)ချက် ထိုးပြီးတော့ အဲဒီက တုံကင်ပြားကြေးပြားလေး ယူလာတယ်။ ယူလာပြီးတော့ ဟိုဘက် ငွေထုတ်တဲ့ကောင်တာမှာ နောက်ထပ် နာရီဝက် သွားစောင့်နေရတယ်။ စောင့်ပြီးတော့မှ ငွေထုတ်ရတယ်။ ငွေထုတ်ပြီးတော့မှ ကိုယ်စားလှယ် မြန်မာ့စီးပွားရေးဘဏ်မှာ လွှဲပြောင်းထားတဲ့ ကိုယ်စားလှယ်တွေလည်း အားလုံးတွေ့ကြုံရမှာဖြစ်ပါတယ်။ ဒီလိုလေး နှောင့်နှေး ကြန့်ကြာနေတာကို တွေ့ရှိရပါတယ်။ နေရာအနေအထားနဲ့ ပတ်သက်လို့ ပြောရမယ် ဆိုရင်လည်း ကျွန်တော်တို့ ဆောက်ထားတဲ့ အဆောက်အအုံက ကျွန်တော်တို့ နားနေဆောင်အဆင့်တော့ မရှိဘူးဗျ။ ဘာဖြစ်လို့လဲ ဆိုတော့ ရွာလမ်းသွားတဲ့ ဇရပ်သာသာ အဆင့်လောက်ပဲရှိတယ်။ အဲဒီတော့ ကျွန်တော့် အနေနဲ့ ဆက်ပြီးတော့ တင်ပြချင်တာက ဘေးကို တစ်ခန်း (၁၀)ပေစီ ထပ်ချဲ့ပေးပါ။ နောက်တစ်ခုက ထပ်ချဲ့တဲ့ နေရာမှာလည်း ကျွန်တော်တို့ဆီမှာ မြေနေရာရှိတယ်။ ဘေးဘယ်ညာ ထပ်ချဲ့မယ်ဆိုလို့ရှိရင် ပင်စင်လာထုတ်တဲ့ သက်ကြီးရွယ်အိုတွေက ဘာဖြစ်လို့လဲ ဆိုလို့ရှိရင် သက်ကြီးရွယ်အိုတွေက နောက်မှာ သူတို့ကို ကျန်းမာရေးအတွက် စောင့်ရှောက်ဖို့အတွက် မြေးတို့ သားသမီးတို့ ပါလာပါတယ်။ သူတို့က ထမင်းချိုင့်လေးတွေနဲ့ ရေဗူးလေးတွေနဲ့ လာပြီးတော့မှ ပင်စင်လာထုတ်တယ်။ ကိုယ့်အလှည့် မရောက်မချင်း ဒီမှာ ထိုင်စောင့်နေရတယ်။ ထိုင်စောင့် ပြီးတော့မှ ကိုယ့်အလှည့်ရောက်မှ သွားထုတ်ကြရတယ်။ အခု နေရာလေး မရှိခင်မှာ အပြင်မှာ ဗာဒံပင်အောက်မှာဖြစ်စေ၊ အပြင်မှာ လက်ဖက်ရည်ဆိုင်မှာပဲဖြစ်စေ သူတို့ စောင့်ကြရတယ်။ အလှည့်ကျော်သွားလို့ နောက်နေ့မှ လာထုတ်မယ်ဆိုရင် တောင်မှ ဘဏ်ဝန်ထမ်းတွေက မကြည်မသာ ပြောဆိုတာလေးတွေလည်း တွေ့ရပါတယ်။ အဲဒီနေရာမှာ မြေနေရာ အနေအထားနဲ့ပတ်သက်လို့က တစ်ခု ဝန်ကြီးဌာနကိုလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ မြန်မာ့စီးပွားရေးဘဏ် မြေနေရာက အလွန်ကျယ်ဝန်းပါတယ်။

နောက် ကျွန်တော် လေ့လာကြည့်ရသလောက်တော့ ဝန်ထမ်း (၁၉)ယောက် ရှိတယ်ပြောတယ်။ (၆)ယောက်က ဒီဘဏ်မှာပဲ အိပ်စားပြီး နေကြတယ်။ ဒီ ဘဏ်ရုံးထဲမှာပဲ အပြင်မှာ ဝန်ထမ်းအိမ်ရာဆိုတာ မရှိဘူး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ဖို့လည်း လိုအပ်ပါတယ်။ ဝန်ထမ်းအိမ်ရာ ဘာဖြစ်လို့ မဆောက်ပေးသေးတာတုန်းလို့ ကျွန်တော့်အနေနဲ့ နည်းနည်းလေး လေ့လာကြည့်တော့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံ ဆောက်ထားပေမယ့် မြေပိုင်ဆိုင်မှုဆိုတာ မရရှိသေးဘူးဆိုတဲ့ အကြောင်းသိရှိရပါတယ်။ အဲဒီတော့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသာ ဆောက်ထားတယ်။ မြေပိုင်ဆိုင်မှု ဆိုတာ မရှိတဲ့အတွက် ခိုင်လုံခြင်း မရှိသေးကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ နည်းစနစ်အနေအထားအရရော၊ နေရာအနေအထားအရရော လွန်စွာပဲ လိုအပ်နေတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အခုလို ဝန်ကြီးဌာန အနေနဲ့ ကျွန်တော်တို့ ဖြူးမြို့မြန်မာ့စီးပွားရေးဘဏ်ကို နားနေဆောင်လေး ဆောက်ပေးတဲ့အတွက် ပြည်သူလူထုရဲ့ကိုယ်စား ကျွန်တော်တို့ ပင်စင်စားဝန်ထမ်းများရဲ့ ကိုယ်စား မဲဆန္ဒနယ်မြေ မဲပေး ပြည်သူများရဲ့ကိုယ်စားရော အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်။


ဖြူးမြို့၏ မြန်မာ့စီးပွားရေးဘဏ် မြင်ကွင်းဓာတ်ပုံ (စစ)




ဖြူးမြို့၏ မြန်မာ့စီးပွားရေးဘဏ် နားနေဆောင်လေး မြင်ကွင်းဓာတ်ပုံ (စစ)



## ဖြူးမြို့၏ မြန်မာ့စီးပွားရေးဘဏ် နားနေဆောင်လေး မြင်ကွင်းခါတ်ပုံ (စစ) စာပြောင်းရန်


ABSTRACT OF COST

| Particular | Quantity | Rates (Ks) | Per | Amount (Ks) | Tot |
|---|---|---|---|---|---|

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စား ဦးစွာ ရှင်းလင်းဖြေကြားပါမယ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်ဟာ နိုင်ငံတစ်ဝှမ်းမှာ ဘဏ်ခွဲပေါင်း (၃၁၇)ဘဏ် ဖွင့်လှစ်ထားရှိပြီးတော့မှ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်တိုင်းဒေသကြီး အစိုးရများ အစိုးရဌာနများ နိုင်ငံပိုင်နှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနဲ့ ပင်စင်စားများ အပါအဝင် မိဘပြည်သူများအတွက် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဝေးလံခေါင်းပါးတဲ့ ဒေသများမှ မိဘပြည်သူများအား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရန်အတွက်ကို သင့်တော်တဲ့ မြို့နယ်များမှာ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများ၊ ဘဏ်ငွေတိုက်ခွဲများကိုဦးစားပေးတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက်လည်းရှိပါတယ်။

မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ဘဏ်ခွဲတစ်ခု ဖွင့်လှစ်တဲ့အခါမှာ လိုအပ်တဲ့ မြေနေရာ

ဝယ်ယူခြင်း၊ ဘဏ်ခွဲအဆောက်အအုံနဲ့ ငွေသိုလှောင်ခန်း ဆောက်လုပ်ခြင်း၊ ဘဏ်ခွဲအတွက် ပရိဘောဂနဲ့ စက်ပစ္စည်းများ ဖြည့်တင်းခြင်း၊ ဝန်ထမ်းများ ခန့်ထားခြင်းနဲ့ ၎င်းတို့၏ နေထိုင်ရေး ကိစ္စရပ်များ အပါအဝင် ဝန်ထမ်းဆိုင်ရာစီမံခန့်ခွဲခြင်း၊ လုံခြုံရေး အစီအမံများ ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေများ သုံးစွဲပြီး ဆောင်ရွက်ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ တယ်လီဖုန်း ဆက်သွယ်ရေး၊ လျှပ်စစ်မီး စသည်တို့ကို အသုံးပြုနိုင်မှု အခြေအနေနဲ့ သက်ဆိုင်ရာ နယ်မြေဒေသရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ လတ်တလော ဘဏ်ဝန်ဆောင်မှု ရရှိသည့် အခြေအနေတို့ကိုပါ ထည့်သွင်းစဉ်းစားပြီးတော့မှ ဦးစားပေးမှုကို ရွေးချယ်စဉ်းစားတာ ဖြစ်ပါတယ်။ ဖရူဆိုမြို့နယ်ဟာ ရပ်ကွက် (၅)ခု၊ ကျေးရွာ (၁၁၅)ရွာနဲ့ ဖွဲ့စည်းထားပြီးတော့ လူဦးရေ (၂၇၅၂၄)ဦးရှိပြီးတော့ လွိုင်ကော်မြို့နှင့် (၂၁)မိုင်ခန့်သာ ကွာဝေးပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တဲ့အတွက် မော်တော်ကားနဲ့သွားရင် (၁)နာရီခန့်သာ သွားရောက်နိုင်ကြောင်းလည်း လေ့လာသိရှိရပါတယ်။ ဖရူဆို မြို့နယ်မှ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်း (၁၆)ခု၊ တပ်ရင်းတပ်ဖွဲ့ (၂)ခုနဲ့ တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း အပါအဝင် ဒေသခံများဟာ လွိုင်ကော်ဘဏ်ခွဲမှာ ဘဏ်ဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ပါတယ်။ လွိုင်ကော်ဘဏ်ခွဲမှာ ဖရူဆိုမြို့မှ ဌာနဆိုင်ရာ စာရင်း (၃၅)ခု၊ ပင်စင်စားဦးရေ (၃၀၅)ဦး၊ စာရင်းရှင် စာရင်း (၃၇)ဦး၊ ငွေစုဘဏ်စာရင်းဦးရေ (၄၅၀)ဦးတို့ကို ဘဏ်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီးတော့မှ ဖရူဆိုမြို့နဲ့ ဒီမောဆိုမြို့တို့မှ လာရောက်သူတွေကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဖရူဆိုမြို့မှ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များနဲ့ မိဘပြည်သူများဟာ လွိုင်ကော်ခရိုင်ဘဏ်ခွဲမှာ ဘဏ်ဝန်ဆောင်မှုများကို အလွယ်တကူရရှိနိုင်ခြင်း၊ လွိုင်ကော် ခရိုင်ဘဏ်ခွဲအနေနှင့်လည်း ဝန်ထုပ်ဝန်ပိုး မဖြစ်ဘဲ ဦးစားပေး ဆောင်ရွက်ပေးနေခြင်း၊ နိုင်ငံတော် အနေနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ပေးရာမှာ နိုင်ငံဘဏ္ဍာငွေကို ဦးစားပေး အဆင့်အလိုက် သုံးစွဲမှု ပြုနေရခြင်းတို့ကြောင့် လက်ရှိအခြေအနေမှာ ဖရူဆိုမြို့မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေး ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး ရဲ့ ဖြူးမြို့ မြန်မာ့စီးပွားရေးဘဏ်မှာ နားနေဆောင်များ တည်ဆောက်ပေးခြင်း အစီအစဉ် ရှိ/ မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကိုယ်စား ရှင်းလင်းဖြေကြားပါမယ်။ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းတွေအနက်ကို အငြိမ်းစား ပင်စင်စားများရဲ့ အကျိုးအတွက်ကို E- pension Card နဲ့ ပင်စင်လစာငွေ ထုတ်ပေးတဲ့ စနစ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာမှာ ခရိုင်/ မြို့နယ်/ ဘဏ် ငွေတိုက်ခွဲ စုစုပေါင်း (၃၁၇) ဘဏ် ရှိတဲ့ အနက် ယနေ့အချိန်ထိ ဘဏ်ခွဲပေါင်း (၂၉၈)ဘဏ်မှာ E- pension Card စနစ်နဲ့ ပင်စင်လစာ ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် ပင်စင်စားများအနေနဲ့ ပင်စင်လစာတွေ လာရောက်ထုတ်ယူချိန်မှာ သက်တောင့်သက်သာနဲ့ နားနေနိုင်ဖို့အတွက် နားနေဆောင်တွေကို မြေနေရာ အကျယ်အဝန်း ဘဏ်ခွဲ အဆောက်အအုံ ရဲ့ အကျယ်အဝန်း၊ ပင်စင်စားဦးရေတို့အပေါ် မူတည်ပြီးတော့ မှ ဆောင်ရွက်ပေးလျက်ရှိရာမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဘဏ်ခွဲပေါင်း (၁၆)ဘဏ်မှာ ဆောင်ရွက်ပေးခဲ့ပြီးတော့မှ ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးနိုင်ဖို့လည်း စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဖြူးမြို့နယ်ဘဏ်ခွဲမှာ စောစောက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပါပဲ ကျွန်တော်တို့ ၁၀-၁၀-၂၀၁၄ ရက်နေ့မှာ ပင်စင်စား နားနေဆောင် (၂၀' x ၁၀' x ၁၀') အရွယ်အစားရှိတဲ့ နားနေဆောင်တစ်ခုကို ဆောက်လုပ်ပြီးစီးပြီ ဖြစ်ပါတယ်။ ဒီလို နားနေဆောင်တွေ ဆောက်လုပ်ဖို့ ကိစ္စလည်း ဖြူးမြို့နယ်အတွက်ဆိုရင်လည်း စစ်ဘက်ပင်စင်စားဦးရေ (၂၇၁၀)ဦး၊ မြို့ပြပင်စင်စားဦးရေ (၁၇၅၀)ဦးနှင့် နိုင်ငံရေးပင်စင်စားဦးရေ (၃၈၂)ဦး စုစုပေါင်း ပင်စင်စားဦးရေ (၄၈၄၂)ဦး ရှိတဲ့အတွက် နားနေဆောင် လိုအပ်တာလည်း အမှန်ပဲ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း ဖြူးမြို့နယ်ကို ဦးစားပေးအနေနဲ့ နားနေဆောင်တစ်ခု လောလောဆယ် အဆင်ပြေအောင်လို့ ဆောက်လုပ်ပေးတာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်ပေးသွားဖို့ အစီအစဉ် တွေလည်း ရှိပါတယ်။

ဆက်လက်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ထည့်သွင်းမေးမြန်းတဲ့ အချက်တွေ ထဲက မြန်မာ့စီးပွားရေးဘဏ်ရဲ့ ဘဏ်စနစ်နဲ့ပတ်သက်ပြီးတော့ ပုဂ္ဂလိကဘဏ်များနဲ့ နှိုင်းယှဉ်ပြီးတော့ တင်ပြသွားတဲ့အချက်ကို ကျွန်တော့်အနေနဲ့လည်း ပြန်လည်ရှင်းလင်းလိုပါတယ်။ ကျွန်တော်တို့ မြန်မာ့စီးပွားရေး ဘဏ်အနေနဲ့က ပုဂ္ဂလိကဘဏ်နဲ့ မတူညီတဲ့အချက်က စောစောက ပထမမေးခွန်းမှာ ကျွန်တော် တင်ပြသလိုပဲ ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့က အစိုးရအဖွဲ့အစည်း အစိုးရဌာနများရဲ့ လုပ်ငန်းများအတွက်ကိုပါ ငွေကြေးကိစ္စရပ်များ အတွက်ကိုပါ ဆောင်ရွက်နေတာ ရှိပါတယ်။ ဒါအပြင် စောစောက ကျွန်တော် တင်ပြတဲ့ ပင်စင်စားများရဲ့ကိစ္စကိုလည်း အများကြီး ဆောင်ရွက်ရပါတယ်။ ပုဂ္ဂလိက ဘဏ်များအနေနဲ့က အဆိုပါ ကိစ္စရပ်များကို ဆောင်ရွက်ရခြင်း မရှိပါဘူး။ သူတို့က သူတို့ရဲ့ စီးပွားရေးလုပ်ငန်း အပ်ငွေ လက်ခံမယ်၊ ချေးငွေ ထုတ်ချေးမယ်ဆိုတဲ့ ကိစ္စရပ်ကိုပဲ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့က အစိုးရဌာနတစ်ခုဖြစ်တဲ့အတွက် ဝန်ထမ်းများ ခန့်ထားနိုင်ရေး မှာလည်း ပုဂ္ဂလိကလိုမျိုး သူရဲ့ လိုရင်လိုအပ်သလို ခန့်ထားနိုင်မှု မရှိပါဘူး။ ကျွန်တော်တို့က သူ့ ဖွဲ့စည်းပုံအရ ဖွဲ့စည်းတဲ့အပေါ်မှာမှ လိုအပ်ချက်ပေါ် မူတည်ပြီးတော့မှ ကျွန်တော်တို့ ဖွဲ့စည်းပုံအရ ခန့်ထားရတာလည်း ရှိပါတယ်ဆိုတော့ နှိုင်းယှဉ်ပြောရရင်တော့ ပုဂ္ဂလိကဘဏ်နဲ့ MEU မှာ ကွာခြားချက်က မြန်မာ့စီးပွားရေးဘဏ်တွေအနေနဲ့က ခုန ပြောတဲ့ အစိုးရဌာနများရဲ့ ကိစ္စဟာ အလွန်ပဲ လုပ်ရကိုင်ရတာ ဝန်ထမ်းများ အနေနဲ့က လုပ်ငန်းကို တော်တော်လေးကို ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် တစ်ဖက်က ချေးငွေ ကိစ္စတွေ ဆောင်ရွက်သလို ငွေ လဲလုပ်ငန်းတွေ ဆောင်ရွက်သလို တစ်ဖက်ကလည်း အစိုးရရဲ့ အုပ်ချုပ်မှု ပိုင်းဆိုင်ရာ ငွေကြေးဆိုင်ရာကိစ္စတွေ၊ ပင်စင်ကိစ္စတွေကိုပါ ဆောင်ရွက်နေရတဲ့အတွက် ဝန်ထမ်းများပိုင်းမှာပေါ့လေ ဒါ ကျွန်တော်တို့ ပုဂ္ဂလိက နဲ့ကွာခြားမှုလေးတွေ ရှိတာ ဖြစ်ပါတယ်။ ခုနက ပြောတဲ့ ဝန်ထမ်းတွေရဲ့ ဆက်ဆံရေး မပြေပြစ်မှုများနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့လည်း အမြဲမပြတ် စောင့်ကြည့်ပြီးတော့မှ ပုဂ္ဂလိက မိဘပြည်သူများကနေပြီးတော့ တိုင်ကြားမှုကိစ္စတွေ Complaint တက်လာတဲ့ကိစ္စမျိုးတွေဆိုရင် ချက်ချင်းအရေးယူပြီးတော့ ဆောင်ရွက်ပါတယ်။ ဝန်ထမ်းအများစုအနေနဲ့တော့ ပြုပြင်နေပါပြီ။ ဝန်ထမ်းများထဲက အချို့တော့ ရှိဦးမှာ ဖြစ်ပါတယ်။ ဒါ လူအများနဲ့ ဆောင်ရွက်တဲ့ကိစ္စဖြစ်တဲ့အတွက် ခုနပြောတဲ့ ဆက်ဆံရေး မပြေပြစ်မှုတွေက ရှိနေဦးမှာ

ဖြစ်ပါတယ်။ သိတာနဲ့ ဒီကိစ္စတွေကို ချက်ချင်း အရေးယူဆောင်ရွက်တာ ရှိပါတယ်။ နောက်တစ်ခု ကတော့ အဆောင်ဆောက်တဲ့ကိစ္စမှာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးက စာရင်းနဲ့တင်ပြတာ ပေါ့လေ၊ ကျွန်တော်တို့ ဒါက ဆောက်ပြီးတာနဲ့ကို ပြီးသွားမှာမဟုတ်ပါဘူး။ ဒီပေါ်မှာ မြန်မာ့စီးပွားရေး ဘဏ်က သူတို့ စာရင်းစစ် အဖွဲ့ရှိပါတယ်။ ဒီအဖွဲ့ကလည်း ဆောက်လုပ်မှုကိစ္စတွေ ငွေစာရင်းကိစ္စတွေ စစ်ဆေးဦးမှာ ဖြစ်ပါတယ်။ နောက်တစ်ခု စာရင်းစစ်ချုပ်ရုံး အနေနဲ့လည်း အစိုးရဌာနဖြစ်တဲ့အတွက် ဒါတာတွေကို စစ်ဆေးဦးမှာဖြစ်ပါတယ်။ အဲဒီပေါ်မှာ မမှန်မကန် ဆောင်ရွက်မှုတွေရှိရင် ဒီအပေါ်မှာ ကျွန်တော်တို့က ဆက်လက်ပြီးတော့ အရေးယူဆောင်ရွက်မှုတွေ ရှိမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ငွေလွှဲကိစ္စတွေမှာလည်း ပုဂ္ဂလိကနဲ့ မတူတဲ့အချက်က မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ပုဂ္ဂလိက ဘဏ်များထက် (၃၁၇)ဘဏ် ရှိတဲ့အတွက် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးမှာ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ကွန်ရက်က တော်တော်ကြီးပါတယ်။ ကြီးတဲ့အတွက် ကျွန်တော်တို့က ငွေလွှဲလုပ်ငန်းတွေကို Fax နဲ့ပေါ့လေ၊ အခုတော့ အတတ်နိုင်ဆုံး မြန်အောင် ဆောင်ရွက်ပေးတာတွေ ရှိပါတယ်။ ယခင်ကထက် စာရင်တော့ အခု ငွေလွှဲလုပ်ငန်းတွေမှာ များစွာတိုးတက်လာတာတွေ ရှိပါတယ်။ သို့သော်လည်းပဲ ဘဏ်ခွဲများမှာ အချို့ဘဏ်ခွဲများအနေနဲ့ ဖုန်းလိုင်းပေါ်မှာ ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် တယ်လီဖုန်းလိုင်းရဲ့ ချို့ယွင်းမှုကြောင့် ရံဖန်ရံခါမှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ နှောင့်နှေးတာတွေလည်း ရှိပါတယ် ဆိုတော့ ကျွန်တော်တို့ ခုနောက်ပိုင်းမှာတော့ Fax နဲ့ ပို့တဲ့အချိန်မှာ ကြာနေတဲ့ကိစ္စမျိုးတွေကို မြန်မာ့ စီးပွားရေးဘဏ် အနေနဲ့လည်း မြန်အောင်ဆိုပြီးတော့မှ ဘဏ်ရဲ့ Risk ပေါ့လေ Risk ယူပြီးတော့မှ တယ်လီဖုန်းနဲ့ လှမ်းဆက်သွယ်ပြီးတော့မှ Fax မရောက်ခင်မှာကြိုပြီးတော့ ထုတ်ပေးနိုင်အောင်လို့ ဒီဘက်က သွင်းတဲ့အပေါ်မှာ ပို့တဲ့ဘဏ်မှာ ချက်ချင်းထုတ်ယူနိုင်အောင်ကိစ္စတွေလည်း ဆောင်ရွက် နေတာ ရှိပါတယ်။ ဒီဟာလည်း ဘဏ်အားလုံးမှာ မလုပ်နိုင်သေးပါဘူး။ အချို့ဘဏ် တွေမှာတော့ ဆောင်ရွက်နေတာ ရှိပါတယ်။ ဒါ့အပြင် Saving တို့ ဘာတို့ဆိုရင်လည်း ကျွန်တော်တို့က ဥပမာ နေပြည်တော်မှာ Saving ဖွင့်ထားတယ်ဆိုလို့ရှိရင် အခြားမြို့ ဘဏ်မှာ ထုတ်လို့ရအောင်ပေါ့လေ အဲဒီလို ကိစ္စတွေလည်း ဆောင်ရွက်နေတာမှာ လောလောဆယ်တော့ ရန်ကုန်၊ မန္တလေး နေပြည်တော် မြို့ကြီးတွေပဲ ဆောင်ရွက်နိုင်ပါသေးတယ်။ နေရာမရွေးထုတ်နိုင်အောင်ပေါ့လေ ဒါတွေလည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

အနှစ်ချုပ် တင်ပြရရင်တော့ စီးပွားရေး ဘဏ်အနေနဲ့ကတော့ ကျွန်တော်တို့ အစိုးရရဲ့ ဘဏ်တစ်ခုလည်း ဖြစ်တာအပြင်ကို ကျွန်တော်တို့ ပုဂ္ဂလိကဘဏ်များနည်းတူ ကျွန်တော်တို့ မြန်မာ့ စီးပွားရေးဘဏ်ကို အဆင့်မြှင့်တင်နိုင်အောင်လည်း ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ မကြာခဏ တင်ပြတဲ့ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲရေး ပေါ့လေ ဘဏ္ဍာငွေ ဆောင်ရွက်မှုစနစ် ပြုပြင်ပြောင်းလဲရေး Public Finance Management System မှာလည်း ဘဏ်ရဲ့ ပြုပြင်ပြောင်းလဲမှုလည်းပါဝင်ပါတယ်။ အဲဒီမှာ ကမ္ဘာ့ဘဏ်နဲ့ပေါင်းစပ်ပြီးတော့မှ မြန်မာ့စီးပွားရေးဘဏ်ကို Core Banking ဆောင်ရွက်နိုင်အောင်ပေါ့လေ အော်တိုမက်တစ် ငွေထုတ်တဲ့စနစ် ဆောင်ရွက်နိုင်အောင်လို့ စီမံချက်ချ ဆောင်ရွက်လျက်ရှိပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့်အနီးဆုံး ဖြစ်သည့် ကျိုန်စန်းကျော့၊ မြန်မာ - တရုတ်နယ်စပ်ဂိတ်အား တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ဆောလျင်စွာ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့်အနီးဆုံး ဖြစ်သည့် ကျိုန်စန်းကျော့၊ မြန်မာ - တရုတ်နယ်စပ်ဂိတ်အား တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ဆောလျင်စွာ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)** ။ ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဂါရဝတရားရှေ့ထားပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် အနီးဆုံးဖြစ်တဲ့ ကျိုန်စန်းကျော့၊ မြန်မာ - တရုတ်နယ်စပ်ဂိတ်ကို တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ဆောလျင်စွာဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ကို ၂၀၀၆ ခုနှစ်၊ ဧပြီ (၁၁) ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဇုန်တည်ဆောက်ခြင်းမပြုခင် နယ်စပ်ကုန်သွယ်မှုပမာဏ ဟာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ (၄၄၈.၅၂၇) သန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာ (၃၆၀၉.၃၉၈) သန်းအထိ ကုန်သွယ်မှုပြုနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ကုန်သွယ်ရေးဇုန် စတင်ဖွင့်လှစ်တုန်းက တစ်နေ့မှာ ကုန်တင်ကားကြီး အစီး (၂၀၀)ဝန်းကျင်သာ သွားလာမှုရှိခဲ့ပေမယ့် အခုအချိန်မှာတော့ တစ်နေ့ကို ကုန်တင်ကားကြီး (၁၅၀၀) ခန့် ဝင်ထွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ (၁၀)နှစ် အတွင်းကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှု (၁၀)ဆ ဝန်းကျင်တိုးတက်လာတာကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ကုန်သွယ်ရေးစခန်းဟာ မူဆယ်မြို့နဲ့ (၇)မိုင်ဝေးပါတယ်။ ကုန်ပစ္စည်းများဟာ မူဆယ်မြို့ကိုဖြတ်ပြီးတော့ မန်ဝိန်းဂိတ်မှနေပြီး တရုတ်ပြည်ကို တင်ပို့ရတာ ဖြစ်ပါတယ်။ ကုန်သွယ်ရေးဇုန်နဲ့မန်ဝိန်းဂိတ်ဟာ (၁၀)မိုင်ဝေးပါတယ်။ အဲဒီလမ်းဟာ ကျဉ်းမြောင်း

တဲ့အပြင် အကွေ့အကောက်လည်းများပါတယ်။ အရောင်းအဝယ်ပြုလုပ်တဲ့သူတွေ၊ အနေ့းယာဥ်တွေ၊ လူစီးယာဥ်တွေ၊ ဈေး၊ ကျောင်းနဲ့ နယ်စပ်လူဝင်၊ လူထွက်ဂိတ် (နန်းတော်ဂိတ်)တွေကြောင့် ကုန်တင်ယာဥ်ကြီးများ လမ်းပိတ်ဆို့လျက် မြို့နေလူထုများ သွားလာရေးခက်ခဲလျက်ရှိပြီးတော့ ယာဥ်မတော်တဆတိုက်မှုများ မကြာခဏဖြစ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ကုန်တင်ကားကြီးများ သွားလာရေး မလွယ်ကူတဲ့အချက်ကိုအကြောင်းပြုပြီးတော့ တရုတ်နိုင်ငံကနေပြီးတော့ ကုန်တင်ကားကြီးများဟာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို လာရောက်ပြီးတော့ ကုန်တင်ဆောင်မှုများ ပြုလုပ်ဆောင်ရွက်ခြင်းမရှိတဲ့အတွက် မိမိတို့ရဲ့ပို့ကုန်ပစ္စည်းများကို မိမိတို့ရဲ့ ကုန်တင်ယာဥ်များဖြင့်သာ တရုတ်နိုင်ငံကို အရောက်တင်ပို့ပေးနေရတာဖြစ်ပါတယ်။

ကုန်တင်ယာဥ်ကြီးများဟာ ကားအပြောင်းအလဲဆောင်ရွက်မှုကို တရုတ်နိုင်ငံ ကျယ်ဂေါင်ဒေသမှာသာ ဆောင်ရွက်ရတဲ့အတွက် တရုတ်နိုင်ငံဘက်မှာသာ ဈေးကွက်ဖြစ်ပေါ်နေပြီးတော့ အလုပ်သမားများ အလုပ်အကိုင် အခွင့်အလမ်းလည်း တစ်ဖက်နိုင်ငံမှာပဲ ဖြစ်ပေါ်လျက်ရှိပါတယ်။ စားသောက်ဆိုင်လုပ်ငန်းများ၊ အခြားဝန်ဆောင်မှုလုပ်ငန်းများ အဲဒီတစ်ဖက်နိုင်ငံမှာပဲ ဖွံ့ဖြိုးတိုးတက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီအပြင် မိမိတို့ရဲ့ပို့ကုန်ပစ္စည်းများ၊ တရုတ်နိုင်ငံမှာ သွားရောက်ကုန်ချတဲ့အခါ ကုန်ပစ္စည်းသတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများ နိမ့်ကျတယ်လို့ အကြောင်းပြပြီး ကုန်ဈေးနှုန်းလျှော့ချ သတ်မှတ်ပေးချေနေမှုများကြောင့်လည်း မိမိတို့ရဲ့ ကုန်သည်များ နစ်နာတာကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ရဲ့ကုန်သည်များက ဖော်ပြပါကုန်သွယ်မှု အခက်အခဲများကို ရင်ဆိုင်နေရတဲ့အတွက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ (၂)ရက်နေ့မှ (၄)ရက်နေ့ အထိ ရှမ်းပြည်နယ်မြောက်ပိုင်း ခရီးစဥ်မူဆယ်မြို့သို့ ရောက်ရှိစဥ်မှာ မြန်မာ-တရုတ်နယ်စပ် ကျိန်စန်းကျော့မှာ Export Zone ပြုလုပ်ဖို့ လမ်းညွှန်မှုများပြုလုပ်ခဲ့ကြောင်းကို သိရှိရပါတယ်။ ကျိန်စန်းကျော့ဂိတ်နေရာဟာ ယူနန်ပြည်နယ် ကူမင်းမြို့မှ မန်စီမြို့၊ မန်စီမြို့မှ တစ်ဆင့် ကျိန်စန်းကျော့နယ်စပ်ဂိတ်၊ အဲဒီမှတစ်ဆင့် လားရှိုးမြို့ကို မီးရထားလမ်းဖောက်လုပ်ဖို့ ပြန်လည်စီမံလျက်ရှိပြီး ယခုအချိန်မှာ ကျိန်စန်းကျော့ ဂိတ်တစ်ဘက်ကမ်းမှာ တရုတ်တို့က ကုန်တင်၊ ကုန်ချကွင်းများနှင့် လူနေဆိုင်ခန်းများ၊ လူနေပွဲရုံများ တည်ဆောက်ပြီးစီးလျက်ရှိတာကို တွေ့ရှိရပါ တယ်။ ကျိန်စမ်းကျော့ဂိတ်နှင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းဟာ (၈)မိုင်ခန့်သာ ဝေးပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မူဆယ်မြို့သို့ သွားလာတဲ့လမ်းမှာ ကျိန်စန်းကျော့လမ်းခွဲနေရာမှ ကျိန်စန်းကျော့ နယ်စပ်ဂိတ်အထိ (၇)မိုင်အကွာအဝေးရှိတဲ့ မြေသားလမ်းကိုလည်း တရုတ်နိုင်ငံရဲ့ အစီအစဥ်နဲ့ ၂၀၁၁ ခုနှစ်မှာ ကွန်ကရစ်လမ်းတည်ဆောက်ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်နိုင်ငံဘက်မှ တာဝန်ရှိသူများကလည်း ကျိန်စန်းကျော့နယ်စပ်ဂိတ်ကို နှစ်နိုင်ငံသဘောတူတရားဝင် နယ်စပ်ကုန်သွယ်ရေးဂိတ် ဖွင့်လှစ်နိုင်ရန် မြန်မာနိုင်ငံဘက်ကို ကမ်းလှမ်းလျက်ရှိကြောင်း သိရှိရပါတယ်။ ကျိန်စန်းကျော့ဂိတ်ဟာ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကုန်တင်ကားကြီးများ အလွယ်တကူသွားလာနိုင်တဲ့လမ်းဖြစ်ပြီး ယခု ကျိန်စန်းကျော့ဂိတ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်တွင်းအခွန်ဦးစီးဌာနမှ အမှုထမ်းများပူးပေါင်းတာဝန်ယူ စောင့်ကြပ်လျက်ရှိပါတယ်။ ဒေသအတွင်းအသုံးပြုတဲ့ ယာဥ်ငယ်များနှင့် အရပ်သားများစွာသွားလာ ဝင်ထွက်

လျက်ရှိပါတယ်။ အဲဒီကျိန်စန်းကျော့ဂိတ်ကို တရားဝင်နယ်စပ်ဂိတ်ဖွင့်လှစ်မည်ဆိုရင်လည်း မိမိတို့ ဘက်မှာ ကုန်သွယ်မှုလုပ်ငန်းနှင့် ရုံးလုပ်ငန်းများဆောင်ရွက်ရန် သီးခြားအဆောက်အအုံများ ထပ်မံ ဆောက်လုပ်ရန် လောလောဆယ်ဆယ် လိုအပ်မှာ မဟုတ်ဘဲ လက်ရှိအဆောက်အအုံများကို ပြင်ဆင် မွမ်းမံရန်သာ လိုအပ်မည် ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ပို့ကုန်သွင်းကုန်ရုံးလုပ်ငန်းဆိုင်ရာများနှင့် ကုန်စစ်ဆေးခြင်းများ ကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာသာ ပြုလုပ်ခြင်းကြောင့် ဖြစ်ပါတယ်။ ကုန်သွယ်ရေးဇုန် စစ်ဆေးရေးဂိတ်မှ စစ်ဆေးပြီးတဲ့ကားများဟာ မန်ဝိန်းဂိတ်မှဖြစ်စေ၊ ကျိန်စန်းကျော့ဂိတ်မှ ဖြစ်စေ တင်ပို့နိုင်မှာ ဖြစ်ပါတယ်။ ကျိန်စန်းကျော့ဂိတ်မှ အစောင့်ဝန်ထမ်းများအနေဖြင့် ကားနံပါတ်နှင့် ကုန်ပစ္စည်းအမျိုးအစားများကိုသာ နေ့အလိုက် ဝင်၊ ထွက်မှု မှတ်တမ်းထားရှိရုံသာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိန်စန်းကျော့နယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်ပေးနိုင်ပါက ကုန်သွယ် မှုလုပ်ငန်းဟာ ပိုမိုလွယ်ကူမြန်ဆန်သွားမှာဖြစ်ပြီး ကုန်သွယ်မှုပမာဏလည်း ယခုထက် ပိုမိုတိုးတက် လာမည်ဖြစ်ပါတယ်။ ကားလမ်းများကောင်းမွန်တဲ့အတွက် တရုတ်နိုင်ငံဘက်မှ ကုန်တင် ကားကြီးများ လည်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကို လာရောက်ပြီးတော့ ကုန်တင်မှုများ ပြုလုပ်နိုင်မှာဖြစ်တဲ့ အတွက် မိမိတို့ဘက်မှာလည်းပဲ ဈေးကွက်ဖြစ်ပေါ်မှုနှင့် အလုပ်အကိုင် အခွင့် အလမ်းများရရှိပြီး ကုန်သွယ်မှုချိန်ခွင်လျှာတစ်ဘက်စောင်းနင်းဖြစ်မှုကို ထိန်းညှိနိုင်မှာ ဖြစ်ပါတယ်။ အဲဒီအတွက် မူဆယ်(၁၀၅)ကုန်သွယ်ရေးဇုန်နှင့် အနီးဆုံးဖြစ်တဲ့ ကျိန်စန်းကျော့-မြန်မာ-တရုတ် နယ်စပ်ဂိတ် ကို တရားဝင်နယ်စပ်ကုန်သွယ်ရေး စခန်းအဖြစ်ဆောလျင်စွာ ဖွင့်လှစ်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**နိုင်ငံတကာအဆင့်မီ မူဆယ်မြို့ပြစီးပွားရေး စီမံကိန်းအထူးစမ်းသပ်ဇုန် တည်ဆောက် အကောင်အထည် ဖော်နိုင်ရေးအတွက် ဇုန်ဖြစ်မြောက်ရေးကော်မရှင် ဖွဲ့စည်း၍ ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့် က နိုင်ငံတကာအဆင့်မီ မူဆယ်မြို့ပြစီးပွားရေး စီမံကိန်းအထူးစမ်းသပ်ဇုန် တည်ဆောက် အကောင် အထည် ဖော်နိုင်ရေးအတွက် ဇုန်ဖြစ်မြောက်ရေးကော်မရှင် ဖွဲ့စည်း၍ ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့

ခွင့်ပြုချက်အရ နိုင်ငံတကာအဆင့်မီ မူဆယ်မြို့ပြစီးပွားရေးစီမံကိန်း အထူးစမ်းသပ်ဇုန်တည်ဆောက် အကောင် အထည်ဖော်နိုင်ရေးအတွက် ဇုန်ဖြစ်မြောက်ရေးကော်မရှင် ဖွဲ့စည်း၍ ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီက ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အား အဆင့်မီဖွံ့ဖြိုးတိုးတက်တဲ့ ဇုန်အင်္ဂါရပ်များနှင့် ညီညွတ်စေရန် အကောင်အထည်ဖော်နိုင်ရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်တံခါးမုခ်ဦးဖြစ်တဲ့ မူဆယ်မြို့အား နိုင်ငံ့ကျက်သရေဆောင် မြို့ပြစီမံကိန်း ရေးဆွဲ အကောင် အထည်ဖော် တည်ဆောက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်ခဲ့ရာ အဆိုကို လွှတ်တော်က အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာကော်မတီများကို ပြန်လည်ဖွဲ့စည်းခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကော်မတီအစား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ကော်မတီဟုအမည်ပြောင်း၍ ကော်မတီဝင်များကိုလည်း အသစ်ပြန်လည် ဖွဲ့စည်းခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာကော်မတီဟာ ၂၀၁၄ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့မှ (၁၅)ရက်နေ့အထိ မူဆယ်မြို့ကို ခရီးထွက်ခွာ၍ မူဆယ်မြို့ နယ်စပ်ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကို သွားရောက်လေ့လာခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် မူဆယ်မြို့ပြ စီးပွားရေးစီမံကိန်းဇုန် အကောင်အထည်ဖော်ရေးအဆိုအပေါ် အကောင်အထည်ဖော်သည့်အနေဖြင့် အောက်ပါလုပ်ငန်းကဏ္ဍများကို ဆောင်ရွက်လျက်ရှိကြောင်းလေ့လာတွေ့ရှိခဲ့ရပါသည်။

မြန်မာ-တရုတ်မုခ်ဦးအသစ် ဒီဇိုင်းရေးဆွဲဆောက်လုပ်ရန် ပြည်နယ်ရန်ပုံငွေမှ ကျပ်သိန်း ပေါင်း (၃၂၇၅)သိန်းကို ဘတ်ဂျက်လျာထားပြီး တည်ဆောက်ရန် တင်ဒါခေါ်ယူဆဲ ဖြစ်တာကို တွေ့ရပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်၊ သွင်းကုန်ဂိတ်ဖြစ်တဲ့ မန်ဝိန်းဂိတ်ကို ကုန်တင်ကားကြီး များသွားလာရန် မြို့ရှောင်လမ်းဖောက်လုပ်ရန် အေးရှားဝေါကုမ္ပဏီကို တာဝန် ပေးထားပြီး လမ်းအူကြောင်းကိုလည်း ရွေးချယ်ထားပြီးဖြစ်၍ လာမည့်ပွင့်လင်းရာသီမှာ စတင် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ပို့ကုန်/သွင်းကုန်၊ ကုန်စစ်ကွင်းကြမ်းပြင် ပေါက်ပြဲပျက်စီးနေမှုများကို (၂၄)ဘီးတပ် ကုန်တင်ယာဉ်ကြီးများ၏ အလေးချိန် ကို ရေရှည်ခံနိုင်ရည်ရှိသည့်အဆင့်မီ ကွန်ကရစ်ကြမ်းပြင် တည်ဆောက်ပေးနိုင်ရေး BOT စနစ်ဖြင့် ဆောင်ရွက်ရန် စီမံလျက်ရှိတာကိုလည်းတွေ့ရှိရပါတယ်။

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ (၃) ရက်နေ့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မူဆယ်ကို ရောက်ရှိစဉ် ကျိန်စန်းကျော့တွင် Export ကုန်သွယ်ရေးဇုန်တည်ဆောက်ရန် လမ်းညွှန်မှာ ကြားထား ခဲ့ပြီး ဖြစ်ကြောင်းလည်းသိရှိရပါတယ်။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှလည်း မူဆယ်မြို့ပြ စီမံကိန်းရေးဆွဲရန် ကွင်းဆင်း servay လေ့လာသုတေသနပြုလုပ်လျက်ရှိတာကိုလည်း တွေ့ရှိခဲ့ ရပါတယ်။ သိန်းသန်းချီကုမ္ပဏီဟာ မှန်လုံကားလူစီးယာဉ်များ ရပ်နားစခန်းတည်ဆောက်ခြင်း လုပ်ငန်း များ ဆောင်ရွက်လျက်ရှိပါတယ်။ နယူးစတားလိုက်ကုမ္ပဏီကလည်း မြို့ပြဝန်ဆောင်မှု လုပ်ငန်းဇုန်ပုံစံ

ရေးဆွဲတည်ဆောက်လျက် ရှိနေတာကို တွေ့ရှိရပါတယ်။ ၎င်းအပြင် အခြားကုမ္ပဏီ (၂)ခု၊ (၃)ခု က လည်း နယ်စပ်မှာ ကုန်ချကွင်းများတည်ဆောက်ရန် စီမံလျက်ရှိကြောင်း သိရှိရပါတယ်။

အထက်ဖော်ပြပါ မူဆယ်မြို့ပြစီးပွားရေးဇုန် အကောင်အထည်ဖော်လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် မြို့ပြစီးပွားရေးဇုန် စီမံကိန်းရေးဆွဲ၍ နှစ်တို၊ နှစ်ရှည် (sector) အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမျိုး မတွေ့ရှိရဘဲ ကုမ္ပဏီတစ်ခုချင်းက မိမိတို့ တည်ဆောက်လိုသည့် လုပ်ငန်းတစ်ခုကို လုပ်ငန်းစီမံကိန်းရေးဆွဲ၍ သက်ဆိုင်ရာဌာနသို့ တင်ပြခွင့်ပြုချက်ရယူကာ အကောင်အထည်ဖော်နေခြင်းသာဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ GMS၊ RCM နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလုပ်နည်းစနစ်များနှင့် အံဝင်ခွင်ကျရှိနေရမယ့် Infrastructure များ အလွဲလွဲအချော်ချော် တည်ဆောက်ပြီးသားဖြစ်နေမည့်အပြင် ခေတ်မီအကွက်ကျသည့် နိုင်ငံတကာ အဆင့်မီ မြို့ပြစီးပွားရေးစံပြဇုန်ကိုလည်း တည်ဆောက်နိုင်မည်မဟုတ်ကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်အစိုးရက ရွှေလီ၊ ကျယ်ခေါင်ဒေသမှ ဝမ်တိန်အထိ အနောက်တောင် ရွှေရောင်မုခ်ဦးတံခါးဖွင့် စီးပွားရေးစမ်းသပ်ဇုန်ကြီးကို နှစ်တို၊ နှစ်ရှည် စီမံကိန်းရေးဆွဲ၍ တည်ဆောက်နေသကဲ့သို့ မိမိတို့နိုင်ငံဘက်အခြမ်းမှာလည်း နမ့်ခမ်း-မူဆယ်ဒေသမှ ပန်ဆိုင်း-ကြူကုတ်အထိ မူဆယ်မြို့ပြ စီးပွားရေးစမ်းသပ်ဇုန်ကြီးကို မလွဲမသွေ တည်ဆောက်ရန် လိုအပ်လျက်ရှိနေပါတယ်။ ထိုဖော်ပြပါ ဇုန်ထဲမှာ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဇုန်၊ စားသုံးကုန်များ ထုတ်လုပ်ဇုန်၊ ရေထွက်ပစ္စည်းထုတ်လုပ်ဇုန်၊ မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ဇုန်၊ Export Processing ပြုလုပ်ဇုန်၊ သဘာဝသစ်သီးဝလံပန်းမန်များ စိုက်ပျိုးထုတ်လုပ်ဇုန်၊ ခရီးသွား ပို့ဆောင်ရေးလုပ်ငန်းဇုန်၊ ဝန်ဆောင်မှုလုပ်ငန်းဇုန်၊ အဖျော်ယမကာများ ထုတ်လုပ်ဇုန်၊ ကုန်တင်ယာဉ်၊ လူစီးယာဉ်ရပ်နားစခန်းများ၊ ဂိုဒေါင်များ၊ Export/ Inport ကုန်စစ်ဆေးသည့်နေရာများ၊ ဘူတာရုံ နေရာများ၊ လေယာဉ်ကွင်းနေရာ၊ ဘဏ်များနှင့် နိုင်ငံခြားငွေလဲလှယ်ရာနေရာများ၊ ဟိုတယ် ဇုန်များ၊ ဂေါက်ကွင်းများ၊ ပန်းခြံများ၊ သစ်အချောအထည်ပြုလုပ်ဇုန်များ၊ ကျောက်စိမ်း/ ကျောက်မျက် နှင့် မြန်မာလက်မှုအချောထည်ပြုလုပ်ရန်နေရာနဲ့ အရောင်းပြခန်းများ၊ ကုန်စည်ပြပွဲ ပြုလုပ်ရန် နေရာများ၊ နိုင်ငံတကာ အဆင့်မီအစည်းအဝေးပြုလုပ်တဲ့ခန်းမကြီးများ၊ အုပ်ချုပ်ရေးရုံးများစသည်ဖြင့် ပါဝင်ရမှာ ဖြစ်ပါတယ်။ လူတန်းစားအလွှာဇုန်က စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်တဲ့ အနေအထားမျိုး ဖြစ်အောင် ဖန်တီးပေးရမှာ ဖြစ်ပါတယ်။

၎င်းမှ နိုင်ငံတကာနှင့်စီးပွားရေးဆောင်ရွက်မှု လုပ်ငန်းများအားလုံး အချိန်တိုအတွင်း အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားရမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ ပြုလုပ်နိုင်မှသာ ဈေးကွက်က မိမိဘက်တွင်ရှိပြီး ကုန်သွယ်မှုမှာလည်း အသာစီးရမှာဖြစ်ပါသည်။ မိမိနိုင်ငံမှ လုပ်သားများလည်း တရုတ်နိုင်ငံဘက်သို့ သွားရောက်လုပ်ကိုင်ရန် မလိုဘဲ မိမိနိုင်ငံဘက်တွင် လုပ်ငန်းခွင်များ ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ မိမိနိုင်ငံ၏ ထွက်ကုန်များကိုလည်း ကုန်ကြမ်းအတိုင်း Export မပြုလုပ်ဘဲနဲ့ ကုန်ချောပြုလုပ်ပြီး တင်ပို့နိုင်မည်ဖြစ်တဲ့အတွက် နိုင်ငံနှင့် ပြည်သူများအတွက် ပိုမို အကျိုးရှိနိုင်မှာဖြစ်ပါတယ်။ တရုတ်အစိုးရဟာ ၎င်းတို့ရဲ့ထုတ်ကုန်များကို ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရပ်ခြားသို့တင်ပို့ရန်နှင့် ၂၀၁၅ ခုနှစ်မှာ AEC ကို စတင် အကောင်အထည်ဖော်တော့မည်ဖြစ်ရာ ၎င်းတို့၏ကုန်စည်များ မြန်မာနိုင်ငံဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်

အတွက် တရုတ်ပြည် ပြည်မမှ အဆင့်မီစက်ပစ္စည်းများကို မြန်မာ-တရုတ်နယ်စပ် စက်မှုဇုန်ကြီး များသို့ ပြောင်းရွှေ့ထုတ်လုပ်ရန် စီမံဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

မိမိတို့ကလည်း တရုတ်တို့၏ အရည်အသွေးစံချိန်စံညွှန်းနှင့် အပြိုင်ထုတ်လုပ်ယှဉ်ပြိုင် ရောင်းချနိုင်ရန် စီမံဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရန် တရုတ်နည်းပညာထက် သာလွန်သော နိုင်ငံခြားများမှ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများရောက်ရှိလာအောင် စည်းရုံးဆွဲဆောင် ရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှ လုပ်ငန်းရှင်များ စိတ်ဝင်စားလာအောင် မိမိတို့ရဲ့ မူဆယ်မြို့ပြ စီးပွားရေးစမ်းသပ်ဇုန်ကို နိုင်ငံတကာအဆင့်မီတည်ဆောက်နိုင်ရန် ဇုန်ဖြစ်မြောက်ရေးကော်မရှင် ဖွဲ့စည်း၍ ပြည်တွင်းပြည်ပမှ ပညာရှင်များဖြင့် ဒီဇိုင်းရေးဆွဲ၍ နှစ်တို၊ နှစ်ရှည် အကောင်အထည်ဖော် ရန် လိုအပ်နေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူဆယ်မြို့ မြို့ပြစီးပွားရေးစမ်းသပ်ဇုန် အောင်မြင် လာပါက ၎င်းအတွေ့အကြုံကိုယူပြီး နယ်စပ်မြို့များဖြစ်တဲ့ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊တမူး၊ ကန်ပိုက်တီး စသည်တို့တွင်လည်း တစ်ဆင့်ပြီးတစ်ဆင့် စီမံဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နယ်စွန် နယ်ဖျားများမှာ စီးပွားရေးကောင်းမွန်လာပါက လမ်းပန်းဆက်သွယ်ရေး ကောင်းလာပြီး ရန်ကုန်နှင့် မန္တလေးမှာ လူဦးရေစုပြုံတိုးပွားလာမှုကို ဖြေရှင်းပြီးသား ဖြစ်သကဲ့သို့ ပြည်မနှင့် ပြည်နယ်ဆင်းရဲ၊ ချမ်းသာ ကွာဟမှုကိုလည်း နည်းပါးသွားစေမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တရုတ်အစိုးရက ရွှေလီ၊ ကျယ်ခေါင်ဒေသမှ ဝမ်တိန်ဒေသအထိ စတုရန်းကီလိုမီတာ (၃၀၀) ကျယ်ဝန်းသော ရွှေလီ၊ ကျယ်ခေါင် စီးပွားရေးစမ်းသပ်ဇုန်ကြီးကို တည်ဆောက်နေသကဲ့သို့ မိမိတို့ မူဆယ်၊ နမ်စမ်းဒေသမှ ပန်ဆိုင်း၊ ကျူကုတ်ဒေသအထိ နိုင်ငံတကာအဆင့်မီမူဆယ်မြို့ပြစီးပွားရေး စမ်းသပ်ဇုန်ကြီးကိုလည်း ရေရှည် စီမံကိန်းဖြင့် တည်ဆောက်နိုင်ရန် ဇုန်ဖြစ်မြောက်ရေးကော်မရှင် ဖွဲ့စည်း၍ ပြည်တွင်း၊ ပြည်ပ ပညာရှင် များဖြင့် ဒီဇိုင်းရေးဆွဲကာ ဆောလျင်စွာဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၅။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ ပထမဦးစွာ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ၏ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့်အနီးဆုံးဖြစ်တဲ့ ကျိန်စန်းကျော့၊ မြန်မာ - တရုတ်နယ်စပ်ဂိတ်

အား တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ဆောလျင်စွာ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းနဲ့ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။

ကျိန်စန်းကျော့ဒေသမှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ ကုန်တင်ယာဥ်နဲ့အခြားယာဥ်များ ဝင်ထွက် သွားလာအသုံးပြုမယ်ဆိုပါက မူဆယ်မြို့ထဲမှာ ယာဥ်ကြောပိတ်ဆို့မှုကို အတိုင်းအတာတစ်ခု အထိ လျှော့နည်းကျဆင်းအောင် ဆောင်ရွက်ပေးနိုင်တဲ့အပြင် ယာဥ်မတော်မဆမှုများ လျှော့ချခြင်း၊ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်ခြင်း စတဲ့ အကျိုးကျေးဇူးများရရှိမှာ ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံ ဘက်အခြမ်းမှာ အခြေခံအဆောက်အအုံများ တည်ဆောက်ထားပြီဖြစ်သော်လည်း မိမိနိုင်ငံဘက် အခြမ်းမှာရောင်းသူဈေးကွက်ဖြစ်ပေါ်လာစေရေးအတွက် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ရမယ့် ကိစ္စရပ် များကျန်ရှိနေသေးတဲ့အတွက် ကျိန်စမ်းကျော့နေရာကို နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် မသတ်မှတ်ဘဲ နှစ်နိုင်ငံနယ်စပ်ဝင်ထွက်နယ်စပ်ဂိတ်အဖြစ်သာ သတ်မှတ်အသုံးပြုရန်သင့်လျော်ပြီးတော့ ကုန်ပစ္စည်း စစ်ဆေးမှုနဲ့ ပတ်သက်၍ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နေရာမှာ One Stop Service အဖြစ်နဲ့ ဆောင်ရွက်သင့်ကြောင်း၊ ကျိန်စမ်းကျော့ဒေသမှာ လူဝင်၊ လူထွက် လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရန် လိုအပ်တဲ့ဂိတ်တံခါးများ တည်ဆောက်ခြင်း၊ ရုံးခန်းများအဆင့်မြှင့်တင်ခြင်း၊ ဝန်ထမ်းများ နေ့/ည တာဝန်ထမ်းဆောင်နိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းတွေ ကြိုတင်ဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

လက်ရှိမှာ ကျိန်စမ်းကျော့-မန်းမန်-နွမ်းယင်လမ်းကြောင်းအား ဆောလျင်စွာ ဖွင့်လှစ် အသုံးပြုနိုင်ရေး၊ ကျိန်စမ်းကျော့ နယ်စပ်ဂိတ်ဖွင့်လှစ်နိုင်ရေးကို သက်ဆိုင်ရာနိုင်ငံခြားရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီး ဌာနတို့နဲ့ သဘောထားမှတ်ချက်များ တောင်းခံရယူညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ကျိန်စမ်းကျော့-မန်းမန်-နွမ်းယင် နယ်စပ်ဂိတ်ကိုဖွင့်လှစ်ရန်ကိစ္စမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ မဟာ မူဆယ်မြို့ Township Development Plan နဲ့ လိုက်လျောညီထွေစွာ အချိန်ကိုက် ဆောင်ရွက် ပါကလည်း ပိုမိုသင့်လျော်မယ်ဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ လက်ရှိအချိန်မှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းမှာ ယာဥ်စစ်ဆေးရာမှာ ကုန်တင်ယာဥ်များ ကြပ်တည်းမှု လျှော့နည်းစေရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီး ဌာနတို့နဲ့ ညှိနှိုင်းပြီးတော့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့ကနေ စတင်ပြီးတော့ ကုန်တင်ယာဥ်တွေ ကို စစ်ဆေးခြင်းကို ပင်လယ်ရေကြောင်းမှာ ဆောင်ရွက်နေတဲ့နည်းတူ Risk Management စနစ်ဖြင့် အကောက်ခွန် ဦးစီးဌာနမှ စစ်ဆေးဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျိန်စန်းကျော့ဂိတ်ဖွင့်လှစ်ရေး ကိစ္စမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ် ဖြင့် ဆောင်ရွက်လျက်ရှိတဲ့ မဟာမူဆယ်မြို့ပြ စီးပွားရေးစီမံကိန်းဇုန် အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက်၊ အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဖြည့်ဆည်းဆောင်ရွက်ချက်များနှင့် ပေါင်းစပ် စီစဉ် ဆောင်ရွက် လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွန့် မေးမြန်းထားတဲ့ မေးခွန်းနဲ့ ပတ်သက်၍ ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မြန်မာနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသ အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်

မူဆယ်ဒေသ ဖွံ့ဖြိုးမှု အခြေခံ အဆောက်အအုံများနဲ့ ရွှေလီဘက် အခြေခံအဆောက်အအုံများ၊ နှစ်ဦးနှစ်ဘက် စီမံကိန်းများချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပြီးတော့ မိမိဘက် မူဆယ်၊ နမ့်ခမ်း၊ ပန်ဆိုင်းဒေသများအားလုံး ခြုံငုံပါဝင်တဲ့ ကုန်သွယ်မှု၊ လူနေမှု ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို နိုင်ငံတော်အဆင့် ရေရှည်စီမံကိန်းများ ရေးဆွဲကာ လုပ်ကိုင်ဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ မူဆယ်မြို့ဟာ မြန်မာ-တရုတ်(၂)နိုင်ငံ ကုန်သွယ်ရေးတံခါးမုခ်ဦး ဖြစ်တဲ့အတွက် မူဆယ်မြို့ကို နိုင်ငံ့ကျက်သရေဆောင် မြို့အဖြစ်လည်းကောင်း၊ အိမ်နီးချင်း ချစ်ကြည်ရေးမြို့အဖြစ်လည်းကောင်း တည်ဆောက်လျက်ရှိပြီးတော့ လက်ရှိမူဆယ်မြို့မှာ တရုတ်နိုင်ငံ၊ ရွှေလီမြို့နှင့် ရင်ဘောင်တန်း တိုးတက်စေဖို့အတွက် နယူးစတားလိုက်ကုမ္ပဏီမှ တာဝန်ယူ၍ မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းအား ဇုန်(၆) ဇုန်ခွဲခြားပြီးတော့ ဇုန်(၁)၊ ဇုန်(၂)၊ ဇုန်(၃)ကို Commercial Zone အဖြစ်လည်းကောင်း၊ ဇုန်(၄)၊ ဇုန်(၅)၊ ဇုန်(၆)ကို Residontial Zone အဖြစ်လည်းကောင်း၊ မြေဧရိယာ (၂၉၄.၇၈၉)ဧက ပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

မူဆယ်ဗဟို စီးပွားရေးဇုန် စီမံကိန်းဆောင်ရွက်ရာမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှု မရှိစေရေး EIA, SIA, HIA တို့အတွက် မလေးရှားနိုင်ငံမှ ERE- Consulting Group ပါ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ စီမံကိန်းသို့ လာရောက်သုံးသပ်စေပြီးတော့ လုပ်ငန်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအတွက် စိုးရိမ်စရာမရှိကြောင်းနဲ့ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ကာလအတွင်းမှာ ရေဆိုးထုတ်စနစ်ကို ထည့်သွင်းဆောင်ရွက်မှာ ဖြစ်တဲ့အပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု ရှိစေရေးအတွက် သစ်ပင်များကိုလည်း ထည့်သွင်းစိုက်ပျိုးဆောင်ရွက်လျက်ရှိရာမှာ လှပသစ်လွင်တဲ့ လူနေမှုစနစ်တစ်ခု ပေါ်ပေါက်လာနိုင်မှာ ဖြစ်ပါတယ်။ သိန်းသန်းချီဆောက်လုပ်ရေးကုမ္ပဏီမှ မူဆယ်မြို့ အဝေးပြေးယာဉ် အဆင့်မြင့် ယာဉ်ရပ်နားစခန်း ဆောင်ရွက်ရာမှာ ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မကြာမီဖွင့်လှစ်နိုင်တော့မည် ဖြစ်ပါတယ်။ အဆိုပါ ယာဉ်ရပ်နားစခန်း ဖွင့်လှစ်ပြီးပါက မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှု ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းလာမှာဖြစ်ပြီးတော့ ပြည်သူအများ စိတ်အေးချမ်းသာယာမှု ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်းမှာ မူဆယ်မြို့ကို လာရောက်ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ပြီးတော့ မူဆယ်မြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုစီမံကိန်း ရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပြီးတော့ မူဆယ်မြို့ပြစီမံကိန်း အတည်ပြုနိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်းနဲ့ မြန်မာ-တရုတ်မုဒ်ဦးအသစ် ဒီဇိုင်းရေးဆွဲဆောင်ရွက်ရေးအတွက်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်၊ သွင်းကုန်ဂိတ်ဖြစ်တဲ့ မန်ဝိန်းဂိတ်သို့ ကုန်တင်ကားကြီးများ သွားလာရာမှာ မြို့တွင်းလမ်းအားအသုံးပြုခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပေါ်ရခြင်း၊ ပြည်သူများ သွားလာရာမှာ အခက်အခဲဖြစ်ပေါ်ရခြင်းတို့ကြောင့် မြို့ရှောင်လမ်းဖောက်လုပ်ရန် မလွဲမသွေလိုအပ်ချက်များကြောင့် အေးရှားဝေါကုမ္ပဏီမှ တာဝန်ယူ၍ လမ်းအူကြောင်းရှာဖွေ တိုင်းတာခြင်း။ ကုန်ကျစရိတ် တွက်ချက်ခြင်းနဲ့ ရန်ပုံငွေရရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ကုန်စစ်ကွင်းကြမ်းပြင် ပေါက်ပြဲပျက်စီးနေမှုများအား (၂၄)ဘီးတပ်ကုန်တင်ယာဉ်ကြီးများရဲ့ အလေးချိန်ကို ရေရှည်ခံနိုင်ရည်ရှိမယ့် အဆင့်မီကွန်ကရစ် ကြမ်းပြင် တည်ဆောက်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မူဆယ်မြို့မှာ မြန်မာ-တရုတ် (၂)နိုင်ငံ နယ်စပ်ကုန်သွယ်ရေးဂိတ်ဖြစ်တဲ့အပြင် တုန်ခန်း-ကျိန်စန်းကျော့လမ်းမှာ ဟိုနောင်ဂိတ် ဖွင့်လှစ်ရန် စီမံဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ဟိုနောင်ဂိတ်ဖွင့်လှစ်ရန်အတွက် မြန်မာဘက်ခြမ်း အနေနဲ့ အခြေခံအဆောက်အဦများ ဆောက်လုပ်ရန် များစွာ လိုအပ်လျက်ရှိပါတယ်။ ဟိုနောင်နယ်စပ် ကုန်သွယ်ရေးဂိတ် ဖွင့်လှစ်ပါက (၂)နိုင်ငံကုန်သွယ်မှုများ ပိုမိုလျင်မြန်တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ ကုန် ပစ္စည်းများ အချိန်တိုအတွင်း ပို့ဆောင်နိုင်မှုကြောင့် ပို့ကုန်သီးနှံ အရည်အသွေး မထိခိုက်နိုင်ခြင်းကြောင့် ဈေးကောင်းရရှိနိုင်ပြီးတော့ မိမိဘက်ခြမ်းရှိ တောင်သူများနဲ့ ကုန်သည်များ အတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မှာ ဖြစ်ပါတယ်။ မူဆယ်မြို့နယ်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု အဓိကလုပ်ဆောင်တဲ့ နယ်စပ်မြို့ ဖြစ်နေခြင်းကြောင့် မူဆယ်မြို့ပြ စီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ရာ မှာလည်း နိုင်ငံရေးအခြေအနေ၊ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေ အရပ်ရပ်ကို ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ရန်လိုအပ်မှာ ဖြစ်ပြီးတော့ ကျွမ်းကျင်ပညာရှင် များရဲ့ လေ့လာသုံးသပ်မှု၊ အကြံပြုမှုတွေလည်း လိုအပ်မှာ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဒါ့အပြင် နမ့်ခမ်း-မူဆယ်ဒေသမှ ပန်ဆိုင်း-ကြူကုတ်အထိ မူဆယ်မြို့ပြ စီးပွားရေးစီမံကိန်း အထူးစမ်းသပ်ဇုန်ကြီးကို တည်ဆောက်မည်ဆိုပါက အထူးကြီးမားကျယ်ပြန့်တဲ့ စီမံကိန်းဖြစ်ပြီးတော့ ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်တာကြောင့် ပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်ထောင်စု အစိုးရ အဖွဲ့တို့ရဲ့ ကြီးကြပ်မှုဖြင့် ဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်တဲ့ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး စီမံချက်ချမှတ်ပြီးတော့ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များရဲ့ အကူအညီ များ ရယူဆောင်ရွက်ပါက သင့်လျော်မှန်ကန်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မူဆယ်ဒေသတစ်ခုလုံးအား လွှမ်းခြုံနိုင်မယ့် နိုင်ငံတကာအဆင့်မီ မြို့ပြစီးပွားရေး စီမံကိန်း အထူးစမ်းသပ်ဇုန် တည်ဆောက်နိုင်ရေးအတွက် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက် နေတဲ့ လုပ်ငန်းများနဲ့ ပေါင်းစပ်ပြီး နိုင်ငံတော်အဆင့် ကော်မတီတစ်ရပ်ဖွဲ့စည်းကာ ရေရှည် စီမံကိန်း ရေးဆွဲ၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်းနဲ့ လက်ရှိမှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက် နေပြီ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း အား ၁၅-၉-၂၀၁၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၄-၉-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ ပြည်တွင်း ငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ် က ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ၁၄-၁၀-၂၀၁၄ ရက်နေ့တွင် အဆိုတင်သွင်းပြီး ၂၁-၁၀-၂၀၁၄ ရက်နေ့တွင် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။

ယခု အဆိုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၆။**

**ဗိုလ်ချုပ်တင်အောင်ချစ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တင်အောင်ချစ်ပဲ ဖြစ်ပါတယ်။ ကယားပြည်နယ် အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ်၏ ပြည်တွင်း ငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရကိုယ်စား ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေး မူဝါဒများချမှတ်ကာ ဒီမိုကရေစီအသွင် ကူးပြောင်း ခဲ့သည့်ကာလနောက်ပိုင်း နိုင်ငံတော်အတွင်းတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ၊ ဒေသခံရပ်မိရပ်ဖများနှင့် ပေါင်းစပ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အထူးသဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် သမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုလည်း နယ်စပ်ရေးရာ ကော်မတီကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

မှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်တဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီကိုလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်တဲ့ တိုင်းဒေသကြီး/ပြည်နယ် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီကို လည်းကောင်း စနစ်တကျ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဗဟိုကော်မတီမှ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစဉ်များကို စနစ်တကျစီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြား ဝန်ကြီးဌာနများနှင့် အလွယ်တကူ ပေါင်းစပ်ညှိနှိုင်းနိုင်စေရေး၊ လုပ်ငန်းများအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီး များက ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လုပ်ငန်းဆပ်ကော်မတီ (၁၃) ခုကို ထပ်မံဖွဲ့စည်းထားရှိပြီး နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ လုပ်ငန်းကော်မတီများအနေဖြင့် လမ်းတံတားလုပ်ငန်း ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်း ဆပ်ကော်မတီ၊ စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ဆပ်ကော်မတီ၊ ဆက်သွယ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ စီမံခန့်ခွဲရေး နှင့် ဘဏ္ဍာရေးလုပ်ငန်း ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး လုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေး လုပ်ငန်းဆပ်ကော်မတီ၊ ပြည်ထဲရေးလုပ်ငန်းဆပ်ကော်မတီ၊ စီးပွားဖြစ်ကုန်ထုတ်လုပ်ငန်းများ ထူထောင်၍ အခြေခံပြည်သူများ ၏ အလုပ်အကိုင်နှင့်အခွင့်အလမ်းများ၊ လူမှုစီးပွားရေးအခြေအနေများ တိုးတက်အောင် အကောင် အထည်ဖော်ရေး လုပ်ငန်းဆပ်ကော်မတီတို့ပဲ ဖြစ်ပါတယ်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိရာမှာ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် (၂၄၇.၂၇၁) ဘီလီယံ သုံးစွဲ၍ လမ်းတံတား လုပ်ငန်းမှာ မြေလမ်း (၁၇၃၄) မိုင်၊ ကျောက်လမ်း (၁၅၆၂) မိုင် (၃.၅) ဖာလုံ၊ ကတ္တရာလမ်း (၂၆၆) မိုင်၊ ကတ္တရာထောက်ပံ့ခြင်း (၄၁၀၁) တန်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း (၄၆၄) မိုင် (၄) ဖာလုံ၊ ဆိုင်ကယ်စီးမြေလမ်း (၅၀၁) မိုင် ၊ ကွန်ကရစ်လမ်း (၁၀၀၀) ပေ ၊ ကွန်ကရစ်တံတား (၄၉၆၇၄.၈) ပေ၊ ကွန်ကရစ်ရေပြွန် (၇၆၀၀) ပေ၊ တံတားကြီး၊ တံတားငယ် (၉၈) စင်း၊ ကြိုးတံတား (၆၃) စင်း၊ သစ်သားတံတား (၉၃၉) ပေတို့ကိုလည်းကောင်း ပညာရေးလုပ်ငန်းမှာ မူလတန်းကျောင်း (၂၅၉) ကျောင်း၊ အလယ်တန်းကျောင်း (၂၅) ကျောင်း၊ အထက်တန်းကျောင်း (၁၁) ကျောင်း၊, ဘော်ဒါဆောင် ဆောက်လုပ်ခြင်း လုပ်ငန်း (၄) ခုကိုလည်းကောင်း ကျန်းမာရေးလုပ်ငန်းမှာ (၁၆) ကုတင်ဆံ့ ဆေးရုံ (၉) ရုံ၊ ဆေးပေးခန်း (၂၁) ခု၊ ကျန်းမာရေး ဌာန (၂၄) ခု၊ ကျန်းမာရေးဌာနခွဲ (၄၆) ခု၊ ဆေးရုံခြံစည်းရိုး ကာရန်ခြင်း တစ်ခုကိုလည်းကောင်း စိုက်ပျိုးရေးလုပ်ငန်းမှာ မြေယာဖော်ထုတ်ခြင်း (၂၉၂၀) ဧက ကို လည်းကောင်း၊ ရေရရှိရေးလုပ်ငန်းမှာ စိုက်ပျိုးရေရရှိရေး လုပ်ငန်း (၇၂) ခု၊ စိုက်ပျိုးရေ သွယ်ယူခြင်း (၅) မိုင်၊ သောက်သုံးရေရရှိရေးလုပ်ငန်း (၁၆၄) ခု၊ သောက်သုံးရေ သွယ်ယူခြင်း (၅)မိုင်၊ ရေကန် (၃၁) ကန် ၊ စက်ရေတွင်း (၁၅) တွင်း၊ လက်တူးတွင်း (၂၅) တွင်း ၊ သောက်ရေကန် ခြံစည်းရိုးကာရန်ခြင်း (၁) ခုကိုလည်းကောင်း၊ မွေးမြူရေးလုပ်ငန်းမှာ မွေးမြူရေးခြံ (၂၁) ခြံကိုလည်းကောင်း၊ လျှပ်စစ် ဓာတ်အားလုပ်ငန်းမှာ ရေအားလျှပ်စစ် (၉၈) ခု၊ မီးသွယ်တန်းခြင်း (၂) ခု၊ ဆိုလာပါဝါ (၂၅၄၄၂)

စုံကိုလည်းကောင်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းမှာ ရုပ်သံထပ်ဆင့်လွှင့် စက်ရုံ (၆၈) ရုံ၊ ရုပ်သံလွှင့်စက်ပစ္စည်း (၁၃) စုံ၊ စာကြည့်တိုက် (၂၈) ခုကိုလည်းကောင်း၊ သာသနာရေးလုပ်ငန်းမှာ ဘုန်းကြီးကျောင်း (၅၆) ကျောင်း၊ သိမ် (၁၇) ခု၊ ဓမ္မာရုံ (၁၄) ခုကိုလည်းကောင်း၊ အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းမှာ ဝန်ထမ်းအိမ်ရာ (၁၄၉) လုံး၊ မြို့နယ် ခန်းမ (၄) ခု ၊ တန်ဖိုးနည်း အိမ်ရာ (၁) လုံး၊ အုတ်ခြံစည်းရိုးကာတဲ့ လုပ်ငန်း (၃) ခုကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသား အဖွဲ့အစည်းများ အခြေချနေထိုင်ကြမည့် နေရာဒေသများတွင် ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှု လုပ်ငန်းများအနေဖြင့် မြေလမ်း (၂၄၀) မိုင် (၆) ဖာလုံ၊ ကျောက်လမ်း (၁၃၉) မိုင် (၅) ဖာလုံ၊ ကတ္တရာလမ်း (၁၆) မိုင် (၆) ဖာလုံ၊ ကွန်ကရစ်လမ်း (၄) ဖာလုံ၊ ကွန်ကရစ်တံတား (၇၅၈) ပေ၊ ကွန်ကရစ်ရေပြွန် (၂၉၅) ပေ၊ သစ်သားတံတား (၆၀) ပေ၊ မူလတန်းကျောင်း (၁၈) ကျောင်း၊ အထက်တန်းကျောင်း (၁) ကျောင်း၊ ဘော်ဒါဆောင်ဆောက်လုပ်ခြင်း လုပ်ငန်း (၁) ခု၊ ဆေးပေးခန်း (၁၅) ခု၊ အိမ်ရာ (၃၆၀၉) လုံး၊ ရေသွယ်တန်းခြင်း (၁၀၇၅) မိုင် (၂) ဖာလုံ၊ ဆိုလာပါဝါ (၁၀၇၂၇) စုံ၊ ခြံစည်းရိုးကာရန်ခြင်း လုပ်ငန်း (၁) ခု၊ ရော်ဘာပျိုးပင် (၅) ဧက၊ ရော်ဘာစိုက်ပျိုးခြင်း (၂၅၀၀) ဧက၊ ပီလောပီနံ (၅၀) ဧက ၊ နွေစပါး (၅၀) ဧက ၊ စပါးငါးကန် (၁၇) ကန်၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း (၁၇၃၄) ဧက၊ နှစ်ရှည်ပင် (၁၃၀၀) ဧက၊ ဘုန်းကြီးကျောင်း (၁) ကျောင်း၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်ရုံ (၁) ရုံ၊ စာကြည့်တိုက် (၁) ခု၊ ရိက္ခာဆန် (၁၂၅) တန် ထောက်ပံ့ခြင်း၊ ဘိလပ်မြေ (၇၀၀) အိတ်ထောက်ပံ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်းနှင့် နှစ်အလိုက် လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို စနစ်တကျ ခံယူလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ နယ်စပ်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်စပ်နေတိုင်းရင်းသားများရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် နယ်စပ်ဒေသနေ တိုင်းရင်းသားများကို အခြေခံပညာရပ်များ သင်ကြားလေ့ကျင့်ပေးခြင်း၊ အဆင့်မြင့်ပညာရပ်များ သင်ကြားပေးခြင်းနှင့် သက်မွေးပညာရပ်များ သင်ကြားပေးခြင်း ဆောင်ရွက်ပေးလျက်ရှိရာ အခြေခံ ပညာရပ်များ သင်ကြားလေ့ကျင့်ပေးခြင်းနှင့် စပ်လျဉ်း၍ နယ်စပ်ဒေသတွင် ပညာသင်ကြားရေး အခက်အခဲရှိကြတဲ့ တိုင်းရင်းသား လူငယ်များကို အလယ်တန်းပညာ၊ အထက်တန်းပညာများ အခမဲ့ဆည်းပူးသင်ကြားနိုင်ရန်အတွက် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ယခင် (၂၉)ကျောင်း ဖွင့်လှစ်ထားရှိခဲ့ရာမှ ပြည်ထောင်စု အစိုးရလက်ထက်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း (၁၀) ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ထပ်မံ၍ တိုးချဲ့ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါကျောင်းများ စတင်ဖွင့်လှစ်ခဲ့တဲ့ ၁၉၉၉-၂၀၀၀ ခုနှစ် ပညာသင်နှစ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အထိ ကျောင်းသား/သူ ပေါင်း (၂၃၂၈၀) ဦးလက်ခံပညာသင်ကြားပေးခဲ့ရာ တက္ကသိုလ်ဝန်ထမ်းအောင်မြင်သူ (၁၃၆၃) ဦးရှိခဲ့ပြီး ဆေးတက္ကသိုလ် (၄) ဦး၊ တပ်မတော် ဆေးတက္ကသိုလ် (၁) ဦး၊ စစ်တက္ကသိုလ် (၁၁) ဦး၊ BED (၉၃) ဦး ၊ သူနာပြု သင်တန်း (၁၆) ဦး၊ သားဖွားသင်တန်း (၁၅) ဦး၊ ပညာရေးကောလိပ် (၂၇) ဦး၊ ပြင်ပတက္ကသိုလ် (၁၄၅) ဦး၊ ပြည်ထောင်စု တိုင်းရင်းသား

လူငယ်များစွမ်းအင်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် တက်ရောက်သူ (၈၇၆) ဦးနှင့် တက္ကသိုလ် ကောလိပ် တက်ရောက်ရန် ဆောင်ရွက်ဆဲ (၁၇၅) ဦးတို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသား ၊ ကျောင်းသူ(၃၇၂၄)ဦး လက်ခံပညာ သင်ကြား ပေးလျက် ရှိပါတယ်။ အဆင့်မြင့် ပညာရပ်များ သင်ကြားပေးခြင်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် (၁) ကျောင်းနှင့် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ၊ ကောလိပ် (၂) ကျောင်း ဖွင့်လှစ်လေ့ကျင့်ပေး လျက်ရှိရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် တွင် အခြေခံပညာကျောင်း များတွင် လိုအပ်နေသော ဆရာ/ဆရာမ ဖြည့်တင်းပေးရန်နှင့် အရည်အသွေး မြင့်မားသည့် ပညာရေး ဝန်ထမ်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၁-၂၀၁၂ ခုပညာသင်နှစ်အထိ ပညာရေး ဝန်ထမ်း (၁၂၄၃၉)ဦး လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ မူလတန်း ဆရာအတတ်သင် (၃) နှစ်သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ (၃၀၉) ဦး၊ ပညာရေးဘွဲ့ BED (၅) နှစ်သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ (၆၇၈) ဦး စုစုပေါင်း (၉၈၇) ဦး တက်ရောက် လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အလားတူ နယ်စပ်ဒေသလူငယ်သင်တန်းကျောင်းများ၊ အထောက်ပံ့ခံကျောင်းများနဲ့ နယ်စပ်ဒေသမှ အခြေခံပညာအထက်တန်းကျောင်းအောင်မြင်ပြီးသူ တိုင်းရင်းသားများကို ရွေးချယ်၍ အဆင့်မြင့် ပညာရပ်များ သင်ကြားပေးပြီး မိမိတို့ မူလဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန အောက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ကျောင်း (၂) ကျောင်း ဖွင့်လှစ်ထားရှိကာ အဆိုပါ ဒီဂရီကောလိပ်ကျောင်းများတွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အထိ ဝိဇ္ဇာဘွဲ့ (၂၄၉) ဦး၊ သိပ္ပံဘွဲ့ (၅၇၅) ဦး၊ အင်ဂျင်နီယာဒီပလိုမာဘွဲ့ (၄၅၆) ဦး စုစုပေါင်း (၂၄၂၂) ဦးတို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာန (၁၉) ခုရှိ ဦးစီးဌာန (၂၈) ခု၊ လုပ်ငန်းဌာန (၁၂) ခုတို့တွင် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အထိ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များနှင့် အင်ဂျင်နီယာဘာသာရပ်များတွင် ကျောင်းသား (၁၃၄၄)ဦး တက်ရောက်သင်ကြားလျက် ရှိပါတယ်။ အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့် သင်ကြား ပေးခြင်းနှင့် စပ်လျဉ်း၍ နယ်စပ်ဒေသမှာ အခြေခံပညာနည်းပါးပြီး ဆင်းရဲနွမ်းပါးတဲ့ ဒေသခံ တိုင်းရင်းသူများဟာ အသက်မွေးဝမ်းကျောင်းပညာရပ်သင်ကြားပြီး ဒေသခံအလုပ်အကိုင် အခွင့် အလမ်းများ ဖန်တီးပေးခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမျိုးသမီး အိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများကို ယခင် (၃၇)ကျောင်း ဖွင့်လှစ်ထားရှိ ရာမှာ ပြည်ထောင်စုအစိုးရလက်ထက်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း (၂)ကျောင်း ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းများကိုလည်း ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ထပ်မံတိုးချဲ့ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အမျိုးသမီး အိမ်တွင်းမှုသင်တန်း များတွင် အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာ ကျောက်စီပန်းချီသင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်းများ ကိုဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းများစတင်ဖွင့်လှစ်ခဲ့တဲ့ ၁၉၉၁-၁၉၉၂ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အထိ

သင်တန်းသူ (၅၃၇၄၂) ဦးသင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် သင်တန်းသူ (၂၆၇၈) ဦးကို လက်ခံသင်ကြားပေးလျက်ရှိပါတယ်။

အလားတူ နယ်စပ်ဒေသမှာ အခြေခံပညာအထက်တန်းမအောင်မြင်သော တိုင်းရင်းသား လူငယ်များအား အသက်မွေးဝမ်းကျောင်းပညာရပ်များ တက်မြောက်၍ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရေးအတွက် လက်သမား၊ ပန်းရန် ၊ သံချိ၊ သံကွေး၊ အိမ်ပုံဆွဲခြင်း စတဲ့ လက်မှုအတတ်ပညာများ မော်တော်ဆိုင်ကယ်၊ တစ်လုံးထိုးအင်ဂျင်ပြင်ဆင်ခြင်း စသည့် စက်မှု အတတ်ပညာသင်ကြားပေးသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ၊ စက်မှုလက်မှု ပညာသင်တန်းကျောင်းများကို ယခင် (၄) ကျောင်း ဖွင့်လှစ်ထားရှိရာမှ ပြည်ထောင်စုအစိုးရလက်ထက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ စက်မှု လက်မှုသင်တန်းကျောင်း (၄)ကျောင်း ထပ်မံ ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်တွင် စက်မှုလက်မှု သင်တန်းကျောင်းများကို ဘဏ္ဍာငွေရရှိတဲ့အပေါ် မူတည်ပြီး ထပ်မံတိုးချဲ့ဖွင့်လှစ် နိုင်ရေး ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ အဆိုပါ စက်မှုသင်တန်း ကျောင်းများမှ သင်တန်းသား (၁၀၆၆) ဦးလေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တွင် သင်တန်းသား (၂၇၅) ဦးကို လက်ခံသင်ကြားပေးလျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၄-၂၀၁၅ ခုနှစ်အထိ ဝန်ထမ်း (၂၇၄) ဦးဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း နှစ်ခြင်းသီးနှံမျိုးစေ့များ (၃၁၆၁) တင်းနဲ့ (၁၃၇၂၇၆) ကီလို ၊ နှစ်ရှည်ပျိုးပင် (၁၀၇၃၂၈၃) ပင်ဖြန့်ဖြူးပေးခဲ့ပြီး သွင်းအားသူ များအနေဖြင့် ဓာတ်မြေဩဇာ (၃၀၆၀၀) တန်၊ ပိုးသတ်ဆေးရည် (၃၀၇၉၇) လီတာ၊ ဆေးမှုန့် (၁၀၃၁) ကီလို ဖြန့်ဖြူးပေးခဲ့ကြောင်း သိရှိရပါတယ်။

အလားတူ မြေယာဖော်ထုတ်ခြင်း (၁၁၇၃ ) ဧက ဖော်ထုတ်ခဲ့ပြီး သီးနှံစံပြစိုက်ခင်းပေါင်း (၂၃၈၅) ဧကနဲ့ စမ်းသပ်စိုက်ခင်း (၉၀) ဧကဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ နယ်စပ်ဒေသနေ တောင်သူများ စိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာသင်တန်းပေးခြင်း (၁၀၃၁) ကြိမ်ဆောင်ရွက် ပေးခဲ့ပြီး တောင်သူ (၃၈၁၂၀) ဦး တက်ရောက်ခဲ့ပါတယ်။ အလားတူ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း နှစ်ခြင်းသီးနှံ (၁၄၀၆၂၈၉၂) ဧကစိုက်ပျိုးခဲ့ပြီး နှစ်ရှည်သီးနှံပင် (၈၇၃၂၇၆) ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်းတံတားများ ဆောင်ရွက်ပေးရန် နှစ်စဉ် နှစ်ရှည် စီမံကိန်းအရ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ လျာထားပြီး နှစ်တို(၅)နှစ် စီမံကိန်း (၄) ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊ ရေရရှိရေးအတွက် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၃၀- ၂၀၃၁ ခုနှစ်အထိ နှစ် (၂၀) စီမံကိန်း ရေးဆွဲဆောင်ရွက်ပေးခြင်း၊ လျှပ်စစ်မီးရရှိရေးအတွက် ကာလတို၊ ကာလရှည် စီမံကိန်းများ (၅) နှစ်စီမံကိန်းများ ချ၍ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြည်နယ် / တိုင်းဒေသကြီး (၁၄) ခုနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ (၆) ခုတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတား ၊ ရေပေးရေး၊ မီးလင်းရေးနဲ့ ကျေးလက်အိမ်ရာလုပ်ငန်းများကို နိုင်ငံတော် ခွင့်ပြုငွေ ကျပ် (၇၅၃၃.၁၄)သန်းဖြင့် ဆောင်ရွက် ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်ခွင့်ပြုငွေ ရန်ပုံငွေ ကျပ် (၂၈၁၅၀၅.၆၇) သန်းဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရှိရပါတယ်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ဖော်ဆောင်နိုင်ရန် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ဖို့ ရည်မှန်းချက်များနှင့်အညီ ဆင်းရဲနွမ်းပါးမှုနှုန်းအား ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြကျေးလက်ကွာဟချက် ကျဉ်းမြောင်းလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် တိုင်းဒေသကြီး (၁၄)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် နေပြည်တော် ကောင်စီမြို့နယ် ကျေးရွာပေါင်း (၁၁၅၀)တွင် ရှေ့ပြေးစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဆိုပါစီမံကိန်းအရ ကျေးရွာ တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေ ကျပ်သိန်း (၃၀၀) ဖြင့် ကျေးရွာပေါင်း (၁၁၅၀) အတွက် ငွေကျပ် (၃၄.၅) ဘီလီယံ ကုန်ကျမှာဖြစ်ပြီး နိုင်ငံတော် ဘဏ္ဍာငွေ ကုန်ကျမှုအပေါ် မူတည်ပြီးသော်လည်းကောင်း၊ နိုင်ငံခြားအကူအညီနဲ့ ချေးငွေရရှိမှု အပေါ်လည်းကောင်း၊ ကျန်ရှိနေသော ကျေးရွာများ၊ စီမံကိန်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက် ပေးမှာဖြစ်ကြောင်း သိရှိရပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက် ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ ကချင်ပြည်နယ် အတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဟိုပင် နှင့် မိုးကောင်း- ဖားကန့်(၆၆)ကေဗွီဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ရှမ်းပြည်နယ်တွင် တာမိုးညဲ- လောက်ကိုင် (၆၆)ကေဗွီဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံ၊ ခိုလန်- ကွန်ဟိန်း (၆၆)ကေဗွီ ဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံ၊ မိုင်းနောင်- ကျေးသီး (၆၆)ကေဗွီဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံ၊ သိန္နီ- ကွတ်ခိုင်(၆၆)ကေဗွီဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံ၊ မိုးကုတ်- မိုးမိတ် (၆၆)ကေဗွီဓာတ် အားလိုင်း နှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်း၊ ချင်းပြည်နယ်တွင် ဂန့်ဂေါ- ကလေး (၂၃၀)ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ၊ ဟားခါး- ဖလမ်း- သိုင်းငင် (၆၆)ကေဗွီဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံ၊ ကယားပြည်နယ်တွင် လွိုင်ကော်- ဘော်လခဲ(၆၆)ကေဗွီဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံ၊ လွိုင်ကော်- ရှားတော(၆၆)ကေဗွီဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံ၊ ဘော်လခဲ- ဖားဆောင်း (၆၆)ကေဗွီဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ မွန်ပြည်နယ် တွင် မော်လမြိုင်- ချောင်းဆုံ(၆၆)ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်း၊ ကရင်ပြည်နယ်တွင် မော်လမြိုင်- မြဝတီ (၂၃၀)ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ကော့ကရိတ်- မြဝတီ (၆၆)ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရခိုင်ပြည်နယ်တွင် (၂၃၀)ကေဗွီ ဓာတ်အားခွဲရုံ (၄)ရုံနှင့် (၆၆)ကေဗွီ ဓာတ်အားခွဲရုံ (၁၁)ရုံတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ၁၉၈၉-၁၉၉၀ ခုဘဏ္ဍာရေးနှစ်မှာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် နေ့အထိ ပညာရေးအသုံးစရိတ်မှာ ကချင်ဒေသတွင် ကျပ်သန်းပေါင်း(၉၆၂၇.၂၈၆၅)သန်း၊ မွန် ဒေသ တွင်(၃၄၀၂.၉၄၆၀)သန်း၊ ကရင်ဒေသတွင်(၅၃၉၅.၃၁၈၀)သန်း ကျခံသုံးစွဲပေးပြီးဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် စစ်ဘေးဒဏ်ခံ တိုင်းရင်းသားမိသားစုများ၏ ကျောင်းနေအရွယ် ကလေးများ အဆင်ပြေချောမွေ့စွာ ပညာသင်ယူရရှိရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းပြန်လည်

တက်လိုသောကလေးများအတွက် သင့်တော်သည့်အတန်းများတွင် (Place-ment Test )စစ်ဆေး၍ စနစ်တကျ နေရာချထားပေးခြင်း၊ ဒေသခံဘာသာစကားတတ်ကျွမ်းသော ဆရာ၊ ဆရာမများနှင့် နေ့စား လပေးဆရာ၊ ဆရာမများ ခန့်ထားပေးခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ မူလတန်းအောက်ဆင့် ဒေသခံဘာသာစကားတတ်ကျွမ်းသော သို့မဟုတ် တိုင်းရင်းသားဘာသာစကားဖြင့် သင်ကြားပေးပြီး မြန်မာဘာသာစကားသို့ ပြောင်းလဲသင်ကြား ပေးခြင်း၊ ဦးစားပေး ပထမအစီအစဉ်အရ လိုအပ်သောကျောင်းများကို ပညာသင်နှစ်အလိုက် ဆောက်လုပ်ပေးခြင်း၊ လတ်တလောတွင် ယာယီအဆောက်အဦဖြင့်သင်ကြားပေးခြင်း၊ ကျောင်းမြေ နေရာရရှိရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရများနဲ့ ညှိနှိုင်းတောင်းခံခြင်း စသည့်လုပ်ငန်း စီမံချက်များကို စစ်ဘေးဒဏ်ခံနယ်မြေနှင့် ပဋိပက္ခနယ်မြေများအတွက် ဆောင်ရွက်ပေးရန် စီမံ ဆောင်ရွက်လျက် ရှိကြောင်း သိရှိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများတွင် ဆေးရုံ၊ဆေးခန်းများ တိုးချဲ့တည် ဆောက်ဖွင့်လှစ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ ဆရာဝန်၊ သူနာပြု အခြေခံကျန်းမာရေးဝန်ထမ်းများကို တိုးချဲ့ခန့်ထားပေးခြင်း၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၏ အကူအညီဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးတက်မှုရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားလာစေရန် သင်တန်းများပို့ချပေးခြင်း၊ ဆေးရုံ၊ ဆေးခန်းအခြေပြု ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းနှင့် ကွင်းဆင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို လုပ်ဆောင် လျက်ရှိပါတယ်။ နယ်စပ်ဒေသရှိ ဆေးရုံများသို့ ဆေးရုံသုံးပစ္စည်းများ ဒေသအရောက်ဦးစားပေး ပံ့ပိုးပေးခြင်း၊ ဆေးဝါးများကို ဆေးရုံ၊ ဆေးခန်းများသို့ ပုံမှန်ပံ့ပိုးပေးခြင်း၊ သဘာဝ ဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်လိုအပ်ချက်များကို အချိန်နှင့်တပြေးညီထောက်ပံ့ပေးခြင်း များကိုလည်း ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိသည့် ဒေသများအပါအဝင် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နှစ်စဉ်အသုံးစရိတ်များ တိုးတက်ဆောင်ရွက် လျက်ရှိရာ ၁-၄-၂၀၁၃ ရက်နေ့မှ ၃၀-၉-၂၀၁၃ ရက်နေ့အထိ နယ်စပ်ဒေသ အသီးသီးတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငွေကျပ်သန်းပေါင်း(၂၉၄၂.၆၄)သန်း သုံးစွဲခဲ့ပြီး ၁-၁၀-၂၀၁၃ ရက်နေ့မှ ၃၁-၃- ၂၀၁၄ ရက်နေ့အထိ ငွေကျပ်သန်းပေါင်း(၇၅၅၆.၅၃)သန်းအား သုံးစွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအသီးသီးအနေဖြင့် မိမိတို့လုပ်ငန်း ရည်မှန်းချက်များနှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော် ခွင့်ပြုရန်ပုံငွေနှင့် ဆောင်ရွက်ပေးနေသည်သာမက ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံ တကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့လည်း စီမံကိန်းများ ပူးပေါင်းဆောင်ရွက်လျက် ရှိပါ တယ်။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ဖြင့် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးကာလအတွင်း အခက်အခဲကြုံတွေ့ နေရသောဒေသများတွင် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း အားလျော့နည်းစေရေးနှင့် အာဟာရချို့တဲ့မှု

မရှိစေရေး လုပ်အားအတွက် ဆန်ထောက်ပံ့ခြင်း၊ ကျန်းမာရေးမကောင်းသူတွေအတွက် ဆန်ထောက်ပံ့ခြင်း၊ သက်ကြီးရွယ်အိုတွေအတွက် ဆန်ထောက်ပံ့ခြင်းများအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် အသက်မွေးဝမ်းကျောင်းမှုနှင့် လူမှုရေးပေါင်းစည်းမှုစီမံကိန်းဖြစ်သော အခြေခံအဆောက်အဦဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးလုပ်ငန်းများအား ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအစီအစဉ်ဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများတွင် ဒေသဖွံ့ဖြိုးရေး အသေးစားစီမံကိန်းလုပ်ငန်းစဉ်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ အခြေခံအဆောက်အဦတည်ဆောက်ရေး၊ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ခြင်းလုပ်ငန်းများအား ၇-၆-၂၀၁၃ ရက်နေ့မှ ၆-၆-၂၀၁၆ ရက်နေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မာတေဆာ အင်တာနေရှင်နယ် အစီအစဉ်ဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကရင်ပြည်နယ်တို့တွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအား ၁၀-၉-၂၀၁၃ ရက်နေ့မှ ၉-၉-၂၀၁၆ ရက်နေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ Welt hunger hilfe- Whh အစီအစဉ်ဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကယားပြည်နယ်တွင် လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ သဘာဝဘေးအန္တရာယ်မှ ထိခိုက်မှုလျော့ချရေးနှင့် ကျေးလက်ဒေသရေရှည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြစ်သော ရေရရှိရေး၊ ကျောင်းဆောက်လုပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စပါးဘဏ်ထူထောင်ခြင်းလုပ်ငန်းများအား ၂၀၁၃ခုနှစ်၊ ဇွန်လမှ ၂၀၁၆ ခုနှစ်၊ ဇွန်လအထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

World Vision အစီအစဉ်ဖြင့် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ရပ်ရွာအခြေပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများဖြစ်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ လူထုစွမ်းရည်မြှင့်တင်ရေးသင်တန်း၊ စိုက်ပျိုးရေး၊ ရေနှင့်သန့်ရှင်းရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ မိသားစုဝင်ငွေတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများအား ၂၀၁၁ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နီပွန်ဖောင်ဒေးရှင်း (စေတနာ)၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသများတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်းများဖြစ်သော စာသင်ကျောင်းများ ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နီပွန်ဖောင်ဒေးရှင်း BAJ အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်တွင် စာသင်ကျောင်းများ ဆောက်လုပ်ရေးစီမံကိန်းများ ဖြစ်သော အခြေခံပညာစာသင်ကျောင်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများအား ၂၀၁၃ ဩဂုတ်လမှ ၂၀၁၈ ဩဂုတ်လ အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

သုတေသနနှင့် နည်းပညာ ပူးပေါင်းဖလှယ်ရေးအဖွဲ့ GRET အစီအစဉ်ဖြင့် ချင်းပြည်နယ်တွင် စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းမှု သဘာဝအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဖြစ်သော ရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူထုစွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသေးစား ချေးငွေပံ့ပိုးရေးလုပ်ငန်းများအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ်၊ ဒီဇင် ဘာလ အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အာရှဆေးဘက်ဆိုင်ရာ ဆရာဝန်များအသင်း AMDAရဲ့ အစီအစဉ်ဖြင့် ကယားပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းများအား ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့လူသားအဖွဲ့အစည်း TPA ရဲ့ အစီအစဉ်ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် အပြန်အလှန်ဆက်နွယ်အကျိုးပြု လူမှုအဖွဲ့အစည်း ဖန်တီးဖော်ဆောင်ခြင်း စီမံကိန်းဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ လူမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအား ၂၀၁၂ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး SWISSAID ဖောင်ဒေးရှင်း အစီအစဉ်ဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ်များဖြင့် ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများဖြစ်သော စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝ အရင်းအမြစ်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူသားအရင်း အမြစ် ဖွံ့ဖြိုးရေး၊ ဂျင်ဒါနှင့် အမျိုးသမီးဖွံ့ဖြိုးရေးလုပ်ငန်းများအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဂျပန်နိုင်ငံ BAJ အစီအစဉ်ဖြင့် ကရင်ပြည်နယ်၊ ဘားအံမြို့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်းဆောက်လုပ်၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းပေးခြင်း လုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း တင်ပြခဲ့သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများကို လုပ်ထုံးလုပ်နည်းနှင့်အညီရေးထိုး၍ စီမံကိန်းလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေသည်သာမက အဆိုပါစီမံကိန်းများသည် ဒေသခံပြည်သူများအတွက် အကျိုးရှိ ထိရောက်သည့်လုပ်ငန်းများ ဖြစ်စေရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု ရှိသည့်အပြင် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးများ၊ စီမံကိန်းဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းများကို (၆)လတစ်ကြိမ် စိစစ်ဆောင်ရွက်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပေးပို့လာသော ပြည်တွင်းငြိမ်းချမ်းရေးရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား

တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများအား စနစ်တကျ ဖွဲ့စည်း၍ သက်ဆိုင်ရာကော်မတီများအလိုက် တာဝန်များပေးအပ်ကာ မြို့ပြ၊ ကျေးလက်နှင့် နယ်စပ်ဒေသ၊ တိုင်းရင်းသားဒေသများကို ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေရန် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေး၊ မွေးမြူရေး၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးနှင့် အခြားလုပ်ငန်းများအား လုပ်ငန်းအမျိုးအစားအလိုက် နှစ်တို နှစ်ရှည် စီမံကိန်းများချမှတ်၍ နိုင်ငံတော်ဘဏ္ဍာငွေများဖြင့် သာမက နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသဖြင့် လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့အဆိုအား ပြန်လည်စဉ်းစားသုံးသပ်သင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ မူလအဆိုရှင် ဦးဘိုးရယ် ရဲ့ သဘောထားလေးပြောပါ။

**အချိန်၊ ၁၁း၅၃။**

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)** ။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုအပေါ်မှာ ဝိုင်းဝန်းဖြည့်စွက်ထောက်ခံ ဆွေးနွေးပေးခဲ့ကြတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပါအဝင် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော် ဒီအဆိုနဲ့စပ်လျဉ်းပြီး အခုလို ကျွန်တော်တို့အားလုံး ရှင်းရှင်းလင်းလင်း နားလည်သဘော ပေါက်အောင် စိတ်ရှည်လက်ရှည်နဲ့ ပြည့်ပြည့်စုံစုံ လာရောက်ရှင်းလင်းပေးတဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ ပြည်ထောင်စုဒုတိယဝန်ကြီးရဲ့ ရှင်းလင်းတင်ပြ ချက်တွေဟာ အားလုံးကျွန်တော်တို့ ဒီ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ တိုင်းရင်းသားဒေသတွေအတွက်လည်း နောင် ဆက်လက်ပြီး ကျွန်တော်တို့ ဝန်ကြီးဌာနတွေအားလုံးအပြင်ကို ကျွန်တော်တို့ ဒီကုလသမဂ္ဂ အဖွဲ့ အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတဲ့အတွက်လည်း ကျွန်တော်တို့ အများကြီးပဲ ဝမ်းသာ အားရကျေနပ်မိပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ ဒီအဆိုကိုကျွန်တော်တင်တဲ့ အချိန်မှာ လည်းပဲ ကျွန်တော်တို့ ဒီမြန်မာနိုင်ငံမှာ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ပေါ့၊ ကျွန်တော်တို့ ဒီလုပ်ငန်းတွေ ကျွန်တော်တို့ရဲ့ ယခင်က စစ်ဘေးဒဏ်ခံခဲ့ရတဲ့ အထူးသဖြင့် ကျွန်တော်ဆိုလိုတဲ့ ဒီစုစည်းကျေးရွာတွေ၊ ရွှေ့ပြောင်းခဲ့ရတဲ့ ကျေးရွာဒေသတွေဟာ ကျွန်တော်တို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းကို အဓိကကျွန်တော်တို့အနေနဲ့ ယနေ့ဒီအချိန်မှာ သူတို့ဟာ ဟိုဒေသရဲ့၊ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ပြောင်းလဲမှုနဲ့အတူ သူတို့တွေဟာ ဒေသဖွံ့ဖြိုး၊ အရင်တုန်းက ဒုက္ခတွေ အစားပေါ့၊ သူတို့ဟာ ဒေသဖွံ့ဖြိုးရေးအရသာကို တော်တော်လေးခံစားလာရတဲ့အတွက် ဝမ်းသာကျေနပ် ကြပေမယ့်လို့ သူတို့ တချို့တွေကတော့ ဒီလိုတစ်နေ့လုပ်တစ်နေ့စားပေါ့၊ ဒီစီးပွားရေးလုပ်ငန်းအနေနဲ့ သူတို့တွေဟာ ဟို ကျွန်တော်အဆိုမှာတင်ပြခဲ့သလို တစ်ကနေသူတို့ပြန်စခဲ့ရတဲ့ ဒီကျေးရွာတွေနဲ့ ပြည်သူတွေရှိနေဆဲပဲ ဖြစ်ပါတယ်။ သူတို့တွေရဲ့ ဘဝပြန်လည်ထူထောင်ရေးလုပ်ငန်းဟာ ကျွန်တော်တို့ ဟာ ရေရှည်အနေနဲ့ပေါ့၊ ကျွန်တော်တို့ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့တော့ ဒါဝိုင်းဝန်းဆွေး

ဆွေးခဲ့တဲ့၊ ထောက်ခံဆွေးနွေးခဲ့တဲ့အဆိုကို ဒီကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေမှာလည်း တစ်နိုင်ငံလုံးအနေနဲ့ အများကြီးရှိနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီတစ်နိုင်ငံလုံး အတိုင်းအတာ အနေနဲ့ ဒီလုပ်ငန်း ကျွန်တော်တို့ရဲ့ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ ဒေသရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းကို ကျွန်တော် အရှိန်အဟုန်မြှင့်ပြီး ဆက်လက်ဆောင်ရွက်ဖို့ဆိုတာက ကျယ်ပြန့်လှပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဒါရေရှည်စီမံကိန်းပေါ့၊ Long term Planning အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက် သွားဖို့ ကျွန်တော့်အနေနဲ့ ရည်ရွယ်ထားတဲ့အတွက် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ ဆန္ဒကို၊ အဆုံးအဖြတ်ကို ကျွန်တော့်အနေနဲ့ ရယူလိုပါတယ်လို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘိုးရယ် တင်သွင်းတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ် ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်း ဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေး နိုင်ကြပါပြီ။

ထောက်ခံ(၉၈) ၊ ကန့်ကွက်(၁၀)၊ ကြားနေ(၅၂) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးဘိုးရယ် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၅)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ လ ၃၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]